# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂)၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ ၁-၁၂-၂၀၂၄၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ထားဝယ်လူမျိုးတို့အနေဖြင့် သမိုင်းစဉ်ဆက် ဂုဏ်ယူဖွယ်ရာ ကောင်းမွန်ခဲ့သည့် သမိုင်းမှတ်တမ်းများကို ဆက်လက်ထိန်းသိမ်းပြီး မှတ်ကျောက်တင်ခံနိုင်မည့် သမိုင်းအသစ်များကို ဆက်လက်ရေးထိုး

**သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပေးပို့သည့်သဝဏ်လွှာ**

ချစ်ခင်လေးစားအပ်ပါသော ထားဝယ်တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-

ယနေ့ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားတွင် ထားဝယ်တိုင်းရင်းသားများနှင့်တကွ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး ကောင်းကျိုးလိုအင်ဆန္ဒများဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၂၀၁၇ ခုနှစ်မှစတင်၍ နှစ်စဉ် နတ်တော်လဆန်း(၁)ရက်နေ့တွင် ထားဝယ်လူမျိုးစုစည်းမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ထားဝယ်အမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်မှာ ယခုအခါ သတ္တမအကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ထိုကဲ့သို့ ထားဝယ်လူမျိုးတို့၏ စည်းလုံးညီညွတ်မှုကို ဖော်ပြခွင့်ရသည့် အမျိုးသားနေ့ အခမ်းအနားတွင် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက်လည်း များစွာ ဂုဏ်ယူမိပါသည်။

စာမျက်နှာ ၃ သို့ ★

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း အသားဖူလုံရေးအတွက် ဒေသနွားနှင့် နို့စားနွား၊ ဒေသကျွဲနှင့် နို့စားကျွဲ၊ ဝက်၊ ဆိတ်၊ သိုး၊

စာမျက်နှာ ၄ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန်ရှိ ဦးကျော်မင်း၏ နို့စားနွားမွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**နေရာကွက်ကျား မိုး အနည်းငယ်ရွာနိုင်**

နေပြည်တော် နိုဝင်ဘာ ၃၀

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာ ၁ ရက်၊ တနင်္ဂနွေနေ့။

## ပင်လယ်ကမ်းရိုးတန်း အဏ္ဏဝါဂေဟစနစ်များ ထိန်းသိမ်းခြင်း ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံကမ်းရိုးတန်းသည် ၂၈၀၀ ကီလိုမီတာကျော် ရှည်လျားပြီး ဘင်္ဂလားပင်လယ်အော်ဒေသ ဂေဟစနစ်တစ်ခုလုံး၏ ၅ ပုံ ၁ ပုံကို ပိုင်ဆိုင်ထားကြောင်း၊ အဏ္ဏဝါဂေဟစနစ်များစုံလင်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုး ထောက်ပံ့ပေးနိုင်သည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာရှိကြောင်း၊ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ၊ ရေထွက်သယံဇာတများ ရေရှည်တည်တံ့အောင် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန် လိုအပ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည့် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ၏ ပဥ္စမအကြိမ်အစည်းအဝေး၌ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ အခြေပြု အပြာရောင်စီးပွားရေး - Blue Economy ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပင်လယ်ကမ်းရိုးတန်း အဏ္ဏဝါဂေဟစနစ်များ ထိန်းသိမ်းခြင်းနှင့် စနစ်တကျထုတ်ယူအသုံးပြုခြင်းကို ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ပင်လယ်ကမ်းရိုးတန်းဒေသများ ထိန်းသိမ်းကာကွယ်ရေးနှင့် ပတ်သက်၍ ပြည်သူများသို့ အသိပညာပေးရေး၊ ရေအောက်သဘာဝရှုခင်းများနှင့် ရေနေသတ္တဝါများအား ထိန်းသိမ်းရန်အတွက် အရေးကြီးသော Hot Spot နေရာများသတ်မှတ်ရေး၊ စွန့်ပစ်အမှိုက်များ ပင်လယ်တွင်းရောက်ရှိပြီး သဘာဝပတ်ဝန်းကျင်နှင့် ရေနေသတ္တဝါများ ထိခိုက်ပျက်စီးမှု မရှိစေရေး လုပ်ငန်းစဉ်အဆင့်အလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် မှာကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက Blue Economy ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများကို ကဏ္ဍအလိုက် ဖော်ထုတ်ချမှတ်နိုင်ရေး၊ ကမ်းရိုးတန်း သယံဇာတကို မထိခိုက်သော စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရေးအတွက် ပင်လယ်ကမ်းရိုးတန်း အဏ္ဏဝါသယံဇာတထိန်းသိမ်းရေး၊ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်နှင့် သုတေသနစင်တာများ ထူထောင်ရေး၊ Marine Ecotourism ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခဲ့သည်။

ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ ရေရှည်ထိန်းသိမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တရားမဝင်ငါးဖမ်းလုပ်ငန်းများ စစ်ဆေးကြီးကြပ်မှု မြှင့်တင်ရေး၊ အဏ္ဏဝါဂေဟစနစ်အခြေပြု သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ပင်လယ်ပြင်အတွင်း တရားမဝင်ကုန်သွယ်မှုများ တားဆီးရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်ရှေ့ဆက် ဆောင်ရွက်မည့် အစီအမံများအား ဆွေးနွေးခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

## (၂၇)နှစ်မြောက် မန္တလေးနေ့စဉ်သတင်းစာ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အန္တရာယ်ကင်းပရိတ်တရားနာနှင့် ဂုဏ်ပြုပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနမှ ထုတ်ဝေသော မန္တလေးနေ့စဉ်သတင်းစာ (၂၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အန္တရာယ်ကင်းပရိတ်တရားနာနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက် ၆ နာရီက သတင်းစာတိုက်တွင် ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်၊ တိုက်ကြပ်ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တယာနိက(ရွှေခြံဆရာတော်)ထံမှ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦး၊ ဌာနခွဲမှူးများ၊ ဌာနစုမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြည်ညို၍ ငါးပါးသီလခံယူဆောက်တည်ကြပြီး သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်သော ပရိတ်တရားတော်များနာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရွှေခြံဆရာတော်ထံမှ ရေစက်ချတရားနာယူကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော်များအား ဌာနမှူးနှင့် တာဝန်ရှိသူများက အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ မန္တလေးနေ့စဉ်သတင်းစာ (၂၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အခမ်းအနားကို ကျင်းပရာ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီးနောက် ကြော်ငြာရှင်ရှေ့နေကြီးများ၊ သက်ပြည့်ပင်စင်ခံစားသွားသော ဝန်ထမ်းများနှင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သွားသော ဝန်ထမ်းကို အမှတ်တရလက်ဆောင်ပေးအပ်ခြင်း၊ ဖြန့်ချိရေးတာဝန်များကို ကျေပွန်စွာ နေ့စဉ်ကြိုးစားဆောင်ရွက်နေသော ဝန်ထမ်းများအား ဂုဏ်ပြုလွှာပေးအပ်ခြင်းနှင့် တစ်နှစ်တာကာလအတွင်း ခွင့်ရက်မယူဘဲ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများကို ဂုဏ်ပြုလွှာများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ဌာနစုမှူး ဦးလှဘုန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

## မန္တလေးဈေးကွက်အတွင်းသို့ ပန်းဂေါ်ဖီများ လှိုင်လှိုင်ဝင်ရောက်လာပြီး ဈေးကောင်းရရှိ

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးဈေးကွက်အတွင်းသို့ နယ်ပယ်ပေါင်းစုံမှ ပန်းဂေါ်ဖီများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ဈေးကောင်းများရရှိနေကြောင်း သီရိမာလာကုန်စိမ်းလက်ကားဈေးအတွင်းရှိ အောင်ပွဲရုံမှ သိရသည်။

ပန်းဂေါ်ဖီများ သီရိမာလာကုန်စိမ်းဈေးအတွင်း နေ့စဉ် ကားစီးရေ ဆယ်နှင့်ချီကာ ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းမှာလည်း တစ်ပွင့်လျှင် ငွေကျပ် ၆၀၀၊ ၁၀၀၀ ဝန်းကျင်ဖြင့် ရောင်းချနေရကြောင်း သိရသည်။

"ယခုလထဲမှာက ကုန်စိမ်းသီးနှံတော်တော်များများထွက်ရှိတယ်၊ အဲ့ဒီထဲမှာ ပန်းဂေါ်ဖီလည်း ပါတယ်၊ ဒီနှစ်က အဝင်ကလည်း များတယ်၊ ဒါပေမယ့် ဈေးနှုန်းကတော့ ကောင်းတယ်၊ လက်လီဆိုရင် တစ်ပွင့်ကို တစ်ထောင်ကျပ်အထက်မှာရှိတယ်"ဟု အောင်ပွဲရုံပိုင်ရှင်က ပြောသည်။

ပန်းဂေါ်ဖီကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ပန်းဂေါ်ဖီကျောက်စိမ်းမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအနေဖြင့် ပန်းဂေါ်ဖီမျိုးစေ့များကို ပျိုးထောင်၍ ပျိုးပင်သက်တမ်း ၄၅ရက်သားအရွယ်တွင် စိုက်ပေါင်ပေါ်သို့ချ၍ စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစုနှင့် အလုပ်သမားခ အပါအဝင် ပန်းဂေါ်ဖီတစ်ဧကလျှင် စုစုပေါင်း ငွေကျပ်သိန်း ၂၀ ခန့် ကုန်ကျကြောင်း သိရသည်။

ပန်းဂေါ်ဖီကို စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် ခူးဆွတ်နိုင်ပြီး တစ်ဧကလျှင် ပန်းဂေါ်ဖီအပွင့်ရေ ၁၀၀၀၀၊၁၂၀၀၀ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ပန်းဂေါ်ဖီအကြီး၊ အလတ်၊ အသေး အရွယ်အစားအပေါ်မူတည်၍ တစ်ပွင့်လျှင် လက်ကားဈေးနှုန်း ငွေကျပ် ၈၀၀၊၄၀၀၊၃၀၀နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပန်း ဂေါ်ဖီ တစ်ဧကလျှင် ငွေကျပ်သိန်း ၂၀ခန့် အမြတ်ရရှိသည်။



ပန်းဂေါ်ဖီအား ရှမ်းပြည်နယ် (တောင်ပိုင်း)အောင်ပန်းနှင့် ပြင်ဦးလွင်တို့မှ မန္တလေးဈေးကွက်အတွင်းသို့ အများဆုံး တင်ပို့ရောင်းချကြောင်း၊ မန္တလေးမြို့မှ တစ်ဆင့် ကျောက်ဆည်၊မိတ္ထီလာ၊ မြင်းခြံ၊ ရွှေဘိုမြို့နယ်များနှင့် အခြားသော မြို့နယ်ပေါင်းစုံကို တင်ပို့ရောင်းချကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀

၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက် နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန် အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားဒိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင် စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ် စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှု ရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

★ ရှေ့ဖုံးမှ

မြန်မာနိုင်ငံတွင် ထားဝယ်လူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရှေးနှစ်ပေါင်း များစွာကတည်းကပင် အတူတကွချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြပြီး တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ကိုလိုနီနယ်ချဲ့တို့လက်အောက် ကျရောက်ခဲ့ချိန်တွင်လည်း ထားဝယ်တိုင်းရင်းသားတို့အနေဖြင့် အခြားသော မျိုးချစ်တိုင်းရင်းသားများနှင့်အတူ နယ်ချဲ့တို့အား ဆန့်ကျင်တော်လှန်ခဲ့ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာစွာတည်ရှိမှုကို သက်သေပြသနိုင်ခဲ့ပါသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်လည်း ထားဝယ်လူမျိုးတို့၏ နိုင်ငံတော် လွတ်လပ်ရေးရရှိရန်အတွက် စွန့်လွှတ်အနစ်နာခံစိတ်များဖြင့် အခြားသော မျိုးချစ်တိုင်းရင်းသားများနှင့်အတူ အသက်ခန္ဓာကိုမငဲ့ကွက်ဘဲ ပါဝင်တိုက်ပွဲဝင်ခြင်းဖြင့် ပြည်ထောင်စုသားများ၏ သွေးချင်းနီးစပ်မှုကို ပြသနိုင်ခဲ့ပြီးဖြစ်ပါသည်။ ရှေးဘိုးဘွားတို့ ထားရစ်ခဲ့သည့် လွတ်လပ်ရေးအမွေကို ထပ်မံမဆုံးရှုံးစေရေးအတွက် ထားဝယ်လူမျိုးများ အပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးတို့က တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်များ ထက်သန်နေအောင် တည်ဆောက် နေကြရမည်ဖြစ်ပါသည်။

ထားဝယ်တိုင်းရင်းသားတို့ အနေဖြင့်လည်း အခြားသော မြန်မာတိုင်းရင်းသားတို့နည်းတူ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုတွင် တူညီမှုရှိပါသည်။ ထိုဗုဒ္ဓဘာသာကို အခြေခံသည့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုလည်း ထားဝယ်လူမျိုးတို့ အနေဖြင့် မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရပါသည်။ ထိုကဲ့သို့ ထားဝယ်တိုင်းရင်းသားတို့၏ ယဉ်ကျေးသိမ်မွေ့ပြီး နှစ်လိုဖွယ်ကောင်းသော ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာတည်သရွေ့ တည်ရှိနေအောင် လက်ဆင့်ကမ်းကာကွယ် စောင့်ရှောက်ကြရန် လိုပါသည်။

❖ **ရှေးဘိုးဘွားတို့ ထားရစ်ခဲ့သည့်လွတ်လပ်ရေးအမွေကို ထပ်မံမဆုံးရှုံးစေရေးအတွက် ထားဝယ်လူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးတို့က တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်များ ထက်သန်နေအောင် တည်ဆောက်နေကြရမည်**

ထားဝယ်ဒေသသည် မြန်မာနိုင်ငံတောင်ပိုင်းတွင်တည်ရှိပြီး ပင်လယ်ကမ်းရိုးတန်းနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ ပေါကြွယ်ဝသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများနှင့် အခွင့်အလမ်းကောင်းများဖြင့် ပြည့်စုံသည့် ဒေသဖြစ်ပါသည်။ ထားဝယ်ဒေသသည် အခြားဒေသများနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကုန်းလမ်း၊ ရေလမ်းများဆုံရာနေရာတွင် တည်ရှိပါသည်။ ထိုကဲ့သို့ စီးပွားရေးအရ အချက်အချာကျသည့် နေရာဖြစ်ခြင်းကြောင့်လည်း တစ်နှစ်ထက်တစ်နှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေပြီး မြန်မာနိုင်ငံ စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုသည့် ဒေသအဖြစ် တည်ရှိနေပါသည်။ ထို့အပြင် ထားဝယ် အထူးစီးပွားရေးဇုန်သည်လည်း မြန်မာနိုင်ငံအတွက် သာမက ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ခြင်းကြောင့် ဒေသခံထားဝယ် လူမျိုးတို့မှ လုပ်ငန်းတိုးတက်အောင်မြင်မှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းကြရန်လိုပါသည်။

ယနေ့အချိန်အခါတွင် မိမိတို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ ကောင်းမွန်လာစေရေးအတွက် အခြေခံအုတ်မြစ်များ ခိုင်မာစေရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထားဝယ် တိုင်းရင်းသားတို့အနေဖြင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို အားပေးထောက်ခံပြီး ပြည်ထောင်စုအကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက် ပေးနေသည်ကို တွေ့ရှိရပါသည်။ ထားဝယ်လူမျိုးတို့ အနေဖြင့် ထားဝယ်ဒေသရှိ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းကောင်းများကို အခြေပြုပြီး ပြည်ထောင်စု တစ်ဝန်းလုံးဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားအကောင် အထည်ဖော်သွားရမည်ဖြစ်ပါသည်။

ထားဝယ်လူမျိုးတို့အနေဖြင့် သမိုင်းစဉ်ဆက် ဂုဏ်ယူဖွယ်ရာ ကောင်းမွန်ခဲ့သည့် သမိုင်းမှတ်တမ်း များကို ဆက်လက်ထိန်းသိမ်းပြီး မှတ်ကျောက်တင်ခံ နိုင်မည့် သမိုင်းအသစ်များကို ဆက်လက်ရေးထိုးကြ ရမည်ဖြစ်ပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံ၍ ထားဝယ်ဒေသရှိ ရှိရင်းစွဲအရင်းအမြစ် များကို မှန်ကန်စွာအသုံးချပြီး နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်၍ ထားဝယ်လူမျိုးတို့၏ စည်းလုံးညီညွတ်မှုကို ဖော်ထုတ် ပြသနိုင်ပါစေကြောင်း တိုက်တွန်းနှိုးဆော်ရင်း ထားဝယ်အမျိုးသားနေ့ကို ဂုဏ်ပြုဝမ်းမြောက် ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်

## တောင်ပေါ်ဒေသများမှ ထွက်ရှိလာသည့် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်း

မန္တလေး နိုဝင်ဘာ ၃၀

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာ ကုန်စိမ်းလက်ကားဈေးအတွင်းသို့ တောင်ပေါ်ဒေသမှ ထွက်ရှိဝင်ရောက်လာသည့် မုန်ညင်းဖြူများအရောင်းအဝယ် ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ ပွဲရုံများထံမှ သိရသည်။



တောင်ပေါ်ဒေသတို့မှ ထွက်ရှိလာသည့် မုန်ညင်းဖြူများသည် လက်ရှိအချိန်တွင် မန္တလေးမြို့ သီရိမာလာကုန်စိမ်း ဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား အစီးရေ ငါးစီးမှ ခြောက်စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ယခုလက်ရှိအချိန်တွင် မုန်ညင်းဖြူဈေးနှုန်းများသည် အချိန် ၂၂ ပိဿာနှင့် ၂၇ ပိဿာကြားဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀ အထိ ဈေးများရရှိကာ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

" လက်ရှိမှာတော့ မုန်ညင်းဖြူက တောင်ပေါ်ဒေသတွေကပဲ ဝင်ရောက်လာတာပါ။ ဝင်ရောက်လာတာနဲ့အမျှ အရောင်းအဝယ်တွေကလည်း ကောင်းနေပါတယ်။ တောင်သူတွေက ရာသီဥတုပေါ် ကြည့်ပြီး စိုက်တဲ့သူနည်းပါးသွားပါတယ်။ ဈေးကိုတော့ ပုံမှန်တစ်ရက်ကို ကားငါးစီး ခြောက်စီးဝင်ပါတယ်။ ကျန်ဒေသတွေက ထွက်ရှိမှုမရှိသေးပါဘူး။ ဈေးကို ဝင်ရောက်လာတဲ့ ကုန်စိမ်းပစ္စည်းတွေ အားလုံး အရောင်းအဝယ်တွေကောင်းနေပါတယ်။ ရောင်းသူနဲ့ဝယ်သူတွေလည်း အဆင်ပြေလျက်ရှိပါတယ်။ ဒါကြောင့် စိုက်ပျိုးသူတွေအနေနဲ့လည်း အဆင်ပြေနေကြပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ တောင်ပေါ်ဒေသများမှ ထွက်ရှိသည့် မုန်ညင်းဖြူများသည် လက်ရှိ အချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ် ဝင်ရောက်လျက်ရှိနေပြီး ရောင်းဝယ်မှုကောင်းမွန်လျက်ရှိကြောင်း၊ ယင်း မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်း နေခြင်းနှင့်အတူ ကျန်သည့်ကုန်သီးနှံများ ဖြစ်သည့် သခွားသီး၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့သည် လည်း အရောင်းအဝယ်ကောင်းကာ ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း၊ လက်ရှိအချိန် ဈေးသို့ ကုန်မျိုးစုံဝင်ရောက် နေသည့်ကားအစီးရေမှာ နေ့စဉ်ပုံမှန် ဝင်ရောက်လျက်ရှိနေကြောင်း သိရသည်။

မောင်အေးချမ်း

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၃၀

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ်" သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၇၆၅ မိုင်ခန့် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၅ မိုင်ခန့်နှင့် ပူဒူချယ်ရီမြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၄၀ ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မိုး/ဇလ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

✪ နိုင်ငံတော်မှ

ဥစားကြက်၊ အသားစားကြက်၊ တိုင်းရင်းကြက်၊ ဘဲ၊ မန်ဒါလီ၊ ငုံး များ မွေးမြူထားရှိမှု၊ မွေးမြူရေး လုပ်ငန်းများအလိုက် မျိုးခြံများ ဆောင်ရွက်ထားရှိမှု၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ပစ္စည်း ထုတ်လုပ်နိုင်မှု၊ အစာစပ်စက်ရုံများမှ အစာများ ထုတ်လုပ်ပေးလျက်ရှိမှု၊ မွေးမြူရေး ဇုန်များအလိုက် မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ငါး၊ ပုစွန်၊ ကဏန်း မွေးမြူထားရှိမှု၊ ရွှေမုယင်းဒေသရှိ ငါးမွေးမြူရေး ကန်များနှင့် ငါးထုတ်လုပ်နိုင်မှု၊ တိုင်းဒေသကြီးအတွင်း မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆက်လက်ဆောင်ရွက် သွားမည့် လုပ်ငန်းစဉ်များ၊ တွံတေး မွေးမြူရေးဇုန်အား အပိုင်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိမှုနှင့် တိရစ္ဆာန်အမျိုးအစား အလိုက်မွေးမြူထုတ်လုပ်လျက်ရှိ မှု၊ ရေရရှိရေး ဆောင်ရွက်ပေးထား မှုတို့နှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

### ရေရရှိရေးသည်အဓိကကျ

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ကို အကောင်အထည်ဖော်ဆောင် ရွက်ရာတွင် ရေရရှိရေးသည် အဓိကကျပြီး ဇုန်များအလိုက်ရှိ မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေး လုပ်ငန်းများအတွက် လုံလောက် သည့် ရေပမာဏပေးဝေနိုင်ရေး စနစ်တကျတွက်ချက် ဆောင်ရွက် ပေးရန်လိုကြောင်း၊ မွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန် အစာနှင့်ပတ်သက်၍ လည်း ဇုန်များအလိုက် ရပ်ဝေးမှ မှာယူမည်ဆိုပါက ကုန်ကျစရိတ် များ ပိုမိုများပြားနိုင်မည်ဖြစ် ကြောင်း၊ သွင်းအားစုနှင့် ထုတ်လုပ် မှု ကုန်ကျစရိတ်များနည်းပါးမည် ဆိုပါက စိုက်ပျိုးမွေးမြူရေးထုတ် ကုန်များကို ဈေးနှုန်းသက်သာစွာ ဖြင့် ရောင်းချပေးနိုင်မည်ဖြစ်သဖြင့် ဇုန်များအလိုက်ဒေသတွင်းထွက်ရှိ သည့် ကုန်ကြမ်းများဖြင့် တိရစ္ဆာန် အစာထုတ်လုပ်နိုင်ရေးဆောင်ရွက် ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း များမှ ထွက်ရှိလာသည့် စွန့်ပစ် ပစ္စည်းများကိုလည်း တိရစ္ဆာန် အစာအဖြစ် အသုံးပြုနိုင်မည် ဖြစ်ကြောင်း။

ဇုန်များအလိုက် မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ Green zone Area များကိုလည်း ဖော်ဆောင်ပေးရန် လိုကြောင်း၊ လမ်းဘေးဝဲ/ယာ တစ်လျှောက် မြက်နှင့် အရိပ်ရလေကာပင်များ ကိုလည်း စိုက်ပျိုးရန်လိုကြောင်း၊ ဇုန်များအလိုက် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက်လည်း ဆောင်ရွက် ရန်လိုပြီး နေရောင်ခြည်စွမ်းအင် သုံးလျှပ်စစ် ထုတ်လုပ်ခြင်းများကို ဆောင်ရွက်မည်ဆိုပါက မွေးမြူ ရေး လုပ်ငန်းများအတွက် အထောက်အကူ ဖြစ်စေနိုင်မည် ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်း များ ဆောင်ရွက်ရာတွင် ဒေသန္တရ မွေးမြူခြင်းမဖြစ်စေလိုဘဲ စီးပွား ဖြစ် စနစ်တကျမွေးမြူဆောင်ရွက် သွားရန်လိုကြောင်း၊ လှောင်မွေး သည့် စနစ်ဖြစ်သဖြင့် တိရစ္ဆာန် များအတွက်လိုအပ်သည့် ရေနှင့် အစာများကို အပြည့်အဝကျွေးမွေး နိုင်ရန်လိုကြောင်း၊ စနစ်ကျနသည့် မွေးမြူရေးစနစ်ကို ဖော်ဆောင် သွားရန်လိုပြီး မည်ကဲ့သို့ မွေးမြူ မည်၊ ထုတ်ကုန်များအား ကုန်ချော အဆင့်သို့ မည်ကဲ့သို့ထုတ်လုပ် မည်၊ ရေရှည်အကျိုးစီးပွားနှင့် စဉ်ဆက်မပြတ်သည့် ထုတ်လုပ် မှုဖြစ်စေရေး မည်ကဲ့သို့ဆောင် ရွက်မည်ကို စနစ်တကျဖြင့် တွက်ချက် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့မှတစ်ဆင့် စိုက်ပျိုး မွေးမြူရေး ထုတ်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ် လုပ်ငန်းများ (Agro Base Industry) ကို ဖော်ဆောင်သွားရ မည်ဖြစ်ပြီး တန်ဖိုးမြင့်စက်မှု ကုန်ထုတ်လုပ်ငန်းများကိုထုတ်လုပ် နိုင်ရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဘဲမွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။

### ကြိုတင်တွက်ချက်ပြင်ဆင်

မွေးမြူရေး ဇုန်များအလိုက် သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး အစီအမံများ၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများကို လည်း ကြိုတင်တွက်ချက်ပြင်ဆင် ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ လက်ရှိ ဆောင်ရွက်ထားသည့် အခြေအနေများအရ ရန်ကုန်တိုင်း ဒေသကြီး၏ အသားဖူလုံမှုကို အတိုင်းအတာ တစ်ခုအထိ အထောက်အကူပြုနိုင်သည်ကို တွေ့ရှိရပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတိုးတက် အောင်မြင် စေရေးဆက်လက်ကြိုးပမ်းဆောင် ရွက်သွားကြရန်လိုကြောင်း။

ရေအရင်းအမြစ်များတွင် မိုး ကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေ ဟူ၍ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ် ငန်းများအတွက် လိုအပ်သည့် ရေကိုမဖြစ်မနေရရှိအောင် ဆောင် ရွက်ပေးသွားရန် လိုကြောင်း၊ နိုင်ငံတကာတွင် အောင်မြင်လျက် ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များကို လေ့လာကြည့်မည်ဆိုပါက လည်း ရေသည်အဓိကအရင်း အမြစ်ဖြစ်သည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အောင်မြင်ခြင်းဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွား တိုးတက်ရေးအတွက်လည်း များစွာ အထောက်အကူ ဖြစ်စေနိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် ကိန်းဂဏန်း အချက်အလက်များအရ အောင်မြင် မှုရရှိနေသည်။ အထွက်နှုန်း ကောင်းနေသည်ကို ကျေနပ်နေ၍ မရဘဲ မြေပြင်လက်တွေ့၌ အမှန် တကယ်အောင်မြင်မှု ရှိရန်လို ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဌာနအလိုက်မှ တာဝန်ရှိသူများ အနေဖြင့် မြေပြင်အချက်အလက် များနှင့်ကိန်းဂဏန်းအချက်အလက် များ တူညီမှုရှိစေရေးဆောင်ရွက် ကြရန်လိုကြောင်း၊ လူသားတို့၏ နေ့စဉ်ဘဝတွင် စားဝတ်နေရေး ဟူ၍ရှိပြီး စားရေးသည်အဓိက အရေးကြီးသည့် အချက်ဖြစ် ကြောင်း၊ အုမတောင့်မှသီလစောင့် မည်ဖြစ်သဖြင့် မိမိတို့ အုပ်ချုပ်သူ အစိုးရတာဝန်ရှိသူများ အနေဖြင့် ပြည်သူများ၏ စားရေးတွင်ဖူလုံမှု ရှိစေရေး၊ အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရရှိရေး၊ ပတ်ဝန်းကျင်ကောင်း ရရှိစေရေး ဖြေရှင်း ဆောင်ရွက်ပေးရမည်ဖြစ် ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ ဝင်များသည် တွံတေးမွေးမြူရေးဇုန် အတွင်းရှိ ဦးစိုးအောင်၏ ဆိတ်မွေး မြူရေးခြံ၊ ဦးအောင်လင်းဦး၏ ရွှေဘဲ(အသားတိုးဘဲ) မွေးမြူရေး ခြံ၊ ဦးဇာရား၏ ဥစားဘဲမွေးမြူ ရေးခြံ၊ ဦးမြင့်နိုင်၏ ငုံးမွေးမြူရေး ခြံ၊ ဦးကျော်မင်း၏ နို့စားနွား မွေးမြူရေးခြံနှင့် ဒေါ်လှဲ့ရည်ဝင်း ၏ ဝက်မွေးမြူရေးခြံတို့အား လှည့်လည်ကြည့်ရှု၍ မွေးမြူရေးခြံ အလိုက် တာဝန်ခံများ၏ ရှင်းလင်း တင်ပြမှုများအပေါ် လိုအပ်သည် များ ပြန်လည်မေးမြန်းဆွေးနွေး အကြံပြုပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် မွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ယခုအခါ မွေးမြူရေးဇုန်အတွင်း လှောင်မွေးစနစ်ဖြင့် စတင်မွေးမြူ ခြင်းဖြစ်ကြောင်း၊ ခေတ်မီမွေးမြူရေး စနစ်သို့ ရောက်ရှိရဦးမည်ဖြစ် သော်လည်း စနစ်တကျမွေးမြူနိုင် သည့် စနစ်သို့ရောက်ရှိနေပြီဖြစ် ကြောင်း၊ မွေးမြူရေးဇုန်စတင် အကောင်အထည်ဖော် ဆောင် ရွက်သည်မှာ တစ်နှစ်ကျော် ကာလခန့်မျှသာ ရှိသည်ဖြစ်သော် လည်း "အစကောင်းမှ အနှောင်း သေချာ"ဆိုသည့်အတိုင်း လုပ်ငန်း များ စတင်ဆောင်ရွက်စဉ်ကတည်း ကပင် စနစ်တကျဖြင့်ဆောင်ရွက် သွားရန်လိုကြောင်း၊ လှောင်မွေး စနစ်ဖြင့် မွေးမြူခြင်းဖြစ်သဖြင့် အစာ၊ ရေနှင့်အခြား လိုအပ်ချက် များ ပြည့်ဝစွာရရှိစေရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက် ပေးသွားမည်ဖြစ် ကြောင်း မှာကြားသည်။

စာမျက်နှာ ၅ သို့ ✪

☆ ဇုန်များအလိုက် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်သကဲ့သို့ Green zone Area များကိုလည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ လမ်းဘေးဝဲ / ယာတစ်လျှောက် မြက်နှင့် အရိပ်ရလေကာပင်များကိုလည်း စိုက်ပျိုးရန် လိုကြောင်း၊ ဇုန်များအလိုက် လျှပ်စစ်ဓာတ်အားရရှိရေးအတွက်လည်း ဆောင်ရွက်ရန်လိုပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်း များကို ဆောင်ရွက်မည်ဆိုပါက မွေးမြူရေးလုပ်ငန်းများအတွက် အထောက်အကူ ဖြစ်စေနိုင်မည်

✪ စာမျက်နှာ ၄ မှ

အဆိုပါ တွံတေးမြို့နယ်ရှိ တွံတေးမွေးမြူရေးဇုန်အားရန်ကုန်တိုင်းဒေသကြီးအတွင်းနေထိုင်ကြသော ပြည်သူလူထု သက်သာချောင်ချိရေးနှင့် အာဟာရပြည့်ဝသည့် စားသောက်ကုန်များ စားသုံးနိုင်ရေး သားငါးထုတ်လုပ်မှု လုံလောက်မှုရှိစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ဇွန်လအတွင်း မြေဧရိယာ ၅၈၁ ဒသမ ၅၄ ဧကပေါ်တွင် စတင်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မွေးမြူရေးဇုန်အားအပိုင်း သုံးပိုင်းခွဲခြား၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ဇုန်များအလိုက် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး၊ ငုံး၊ ဘဲများကို မွေးမြူထားရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရရှိစေရေး တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရကလည်း လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန်ရှိ ဦးမြင့်နိုင်၏ ငုံးမွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။



# မြန်မာနိုင်ငံ စီးပွားရေးပညာ နှစ်(၁၀၀) ရာပြည့်အလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားသို့ အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံ "စီးပွားရေးပညာ နှစ်(၁၀၀)"ရာပြည့်အလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Aureum Palace Hotel, Lake View Hall ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် က မြန်မာနိုင်ငံ "စီးပွားရေးပညာ နှစ်(၁၀၀)" ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းပေးခဲ့ကြသည့် စီးပွားရေးတက္ကသိုလ်များမှ စီးပွားရေးဘွဲ့ရလုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊စီးပွားရေးအဖွဲ့အစည်းများ၊ငွေကြေးများလှူဒါန်းကြသကဲ့သို့ ဝန်ဆောင်မှုများ၊ နေရာထိုင်ခင်းများ စီစဉ်ပေးခဲ့သည့် ဟိုတယ်လုပ်ငန်းရှင်များနှင့် ဘဏ်လုပ်ငန်းရှင်များကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက "စီးပွားရေးပညာ နှစ်(၁၀၀)" ရာပြည့်အခမ်းအနားအတွက် ငွေကျပ်သိန်း ၁၀၀ နှင့်အထက် အလှူရှင်ခုနစ်ဦးကိုလည်းကောင်း၊ အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဆရာကြီး ဆရာမကြီးများနှင့် ဧည့်သည်တော်များကို တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးတို့တွင် ကူညီပံ့ပိုးပေးခဲ့ကြသည့် အလှူရှင်ကိုးဦးကိုလည်းကောင်း၊ဦးဆောင်ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ငွေကျပ်သိန်း ၂၀ နှင့်အထက် အလှူရှင် ခြောက်ဦးကိုလည်းကောင်း၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ငွေကျပ် ၁၀ သိန်းနှင့်အထက် အလှူရှင်ခြောက်ဦးကိုလည်းကောင်း၊ဦးဆောင်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က ငွေကျပ်ငါးသိန်းနှင့်အထက် အလှူရှင်ခြောက်ဦးကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အလှူရှင်များကိုယ်စား အလှူရှင်ဦးဇေယျသူရမွန် (Zeya & Associates Co.,Ltd) ကကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နဝမပုံမှန်အစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃၀

တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နဝမပုံမှန်အစည်းအဝေး(၄/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်များတက်ရောက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာနရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်သည်။

## မှတ်ပုံတင်လက်မှတ်များထုတ်ပေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် ကောင်စီဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ A Tech ၄၈၁ ဦး၊ AG Tech ၁၄၅ ဦး၊ AE ၁၃၀၄၀၊ RE ၁၄၄၇၂ ဦး၊ RSE ၄၀၉၂ ဦး၊ PE ၁၂၉၄ ဦး၊ ACPE ၆၂၈ ဦး၊ RLE ၁၂ ဦး၊ RFPE ၁၀ ဦးတို့ကို မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း၌ AE ငါးဦး၊ RE ၁၃ ဦး၊ RSE ၂၂ ဦး၊ PE ၁၆ ဦး၊ A Tech ငါးဦးတို့သည် မှတ်ပုံတင်လက်မှတ်များရရှိရေးအတွက် လျှောက်ထားလာသည်ကို တွေ့ရှိရကြောင်း၊ အင်ဂျင်နီယာအထူးပြုဘာသာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီအနေဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း၌ နည်းပညာတက္ကသိုလ်လေးခုမှ အင်ဂျင်နီယာဘွဲ့သင်တန်း ၂၅ ခုကို အရည်အသွေးစိစစ်အသိအမှတ်ပြုသင်တန်း(Full Accredited Programme) များအဖြစ် စိစစ်ပေးအပ်ခဲ့ခြင်း၊ နည်းပညာတက္ကသိုလ်ကိုးခုတို့မှ သင်တန်းပေါင်း ၅၃ ခုတို့ကို ပဏာမအရည်အသွေးစိစစ်အသိအမှတ်ပြုခြင်း၊ နည်းပညာတက္ကသိုလ် နှစ်ခုမှ သင်တန်းပေါင်း သုံးခုတို့ကို ကြားကာလသင်တန်းများ(Interim Programmes) ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် အင်ဂျင်နီယာဘာသာရပ်နှင့် သက်ဆိုင်သည့် အသိအမှတ်ပြုလက်မှတ်များအပြင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူများ၊ နည်းပညာကျွမ်းကျင်သူများကိုလည်း မွေးမြူပေးနိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)တို့၌ စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးနှင့် တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ပေးခဲ့သဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ဒုတိယဥက္ကဋ္ဌ(၁)က ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကောင်စီအတွင်းရေးမှူးက ကောင်စီအဋ္ဌမပုံမှန်အစည်းအဝေး(၄/၂၀၂၄)မှ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည့် ကိစ္စရပ်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဒုတိယဥက္ကဋ္ဌ(၂)က အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေ၊ လုပ်ငန်းကော်မတီများက ၂၀၂၄ ခုနှစ် ပထမသုံးလပတ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအကျဉ်းချုပ်အခြေအနေတို့ကို ဆွေးနွေးကြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပိုက်ကျော်ခြင်းအသင်း ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားကွင်းတွင် စခန်းဝင်လေ့ကျင့်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ အားကစားသမားများအား ထောက်ပံ့ငွေများပေးအပ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် စက်မှုဝန်ကြီးဌာနမှ ဂေါက်သီးရိုက်၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်အားကစားတို့၌ အားကစားသမား ၂၆ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





## ဆောင်းသီးနှံ ထောပတ်ပဲ စိုက်ပျိုး

**ရေနံချောင်း နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲကို စိုက်ပျိုးလျက်ရှိကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။ ရေနံချောင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ထောပတ်ပဲကို ၁၆၄ ဧက လျာထားပြီး စိုက်ပျိုးလျက်ရှိကြောင်း၊ ယမန်နေ့အထိ ၇၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(၄၇၂)

# ကောင်းမှုတစ်ခုအကြောင်းပြု သာဓုခေါ်ဆိုနိုင်ပါစေ

ဖိုးစွံ(အောင်ပင်လယ်)



**လှူကထိန်သင်္ကန်းနှင့်**
**မင်္ဂလမ်းတဲ့ ဆုပန်ရွယ်**
**သည်ချိန်ကို ဝတ်မှုန်ကြဲလို့**
**ခဝဲညွှာ ရွှေရင်းမာ**
**သင်းရနံ့ကြွယ်**
**ကောင်းကင်လယ်**
**ထက်ဝယ်ဘုံဦး ။**
**ရွှေလစန္ဒာနှင့်**
**ကြွတ္တိကာ ကြယ်ပြောင်ရွှန်းငယ်**
**ထွန်းထိန်လို့ မြူး ။**

ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ သင်္ကန်းမှာ ကထိန်ဟု အဆိုရှိသည်။ ကထိန်သင်္ကန်းလှူဒါန်းခြင်း၊ ကထိန်သင်္ကန်း လှူဒါန်းခွင့်ရရှိခြင်းသည် အမြင့်မြတ်ဆုံးသော ကုသိုလ်တရားကို ဖြစ်ပေါ်စေသည်။

(၁) မပန်မကြား၊ လိုရာသွား၊ ပြစ်များမသင့်ပြီ။
(၂) သုံးထည်ထဲမှာ၊ ထားလိုရာ၊ ထားကာ သွားနိုင်သည်။
(၃) လေးပါးတူပင်၊ ဂိုဏ်းဘောဇဉ်၊ စားချင် စားနိုင်သည်။
(၄) သင်္ကန်းများစွာ၊ ငါးလမှာ၊ သိမ်းကာ ထားနိုင်သည်။
(၅) သံဃာလှူငြား၊ သင်္ကန်းများ၊ သူ့အားသာဖြစ်သည်။

ကထိန်လှူသော လှူပုဂ္ဂိုလ်တို့သည်လည်း အလားတူစွာ ငါးပါးသောအကျိုးကို ရရှိနိုင်သည်။

(၁) တားဆီးကင်းကာ၊ လွတ်လပ်စွာ၊ လိုရာသွားနိုင်သည်။
(၂) တာဝန်ကိစ္စ၊ မလေးရ၊ ပေါ့လှလေတော့သည်။
(၃) စားလိုရာငြား၊ စားသော်ငြား၊ ဘေးကား မရှိပြီ။
(၄) ပစ္စည်းအများ၊ သိမ်းဆည်းထား၊ ဘေးကားမရှိပြီ။
(၅) ကိုယ့်ပစ္စည်းများ၊ သူတစ်ပါး၊ ယူသွား ကင်းလေသည်။

ကထိန်ဒါယကာ ကျိုးငါးဖြာ ကောင်းစွာ ရနိုင်သည်။

ဒါယကာ၊ ဒါယိကာမများ သင်္ကန်းလှူသောအခါ "ဣမံ ကထိနံ စီဝရံ" ဤကထိန်သင်္ကန်းကို ကထိန်ဟူသော စကားပါဝင်အောင် ဆို၍ လှူရသောကြောင့် "ကထိန်သင်္ကန်း" အမည်ရပါသည်။

**ကထိန်သင်္ကန်း၊ လှူဒါန်းသူမှာ**
**အသက်လည်းပဲ၊ နိုင်မြဲရတာ**
**ရန်သူငါးပါး၊ လွတ်ငြားဥစ္စာ**
**မြတ်ဘုရားဟောကြားခဲ့သည်သာ**

မြင့်မြတ်သော မြတ်စွာဗုဒ္ဓပြုခဲ့သည့် ကထိန်ခင်းကျင်းခြင်း၊ ကထိန်လှူဒါန်းခြင်းကို မြန်မာနိုင်ငံ အနှံ့အပြား၌ ဗုဒ္ဓဘာသာဝင် သူတော်စင် ဒါယကာ၊ ဒါယိကာမများ အယုတ်အလတ် အမြတ်မရွေး



လှူဒါန်းသည့် အစဉ်အလာရှိခဲ့သည်။ သီတင်းဝါလကျွတ်၍ မိုးတွင်းကာလကုန်ဆုံးသည်နှင့် မန္တလေးမြို့တွင်လည်း ဘုရား၊ ကျောင်း၊ ကန်များတွင် ကထိန်ခင်းကျင်းလှူဒါန်းခြင်းကို စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့ကြသည်။

ယခုနှစ် သာသနာတော်နှစ် ၂၅၆၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ (၁၇-၁၁-၂၀၂၄)ရက်တွင် မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ KMC ကိုယ်ပိုင်အထက်တန်းကျောင်း၏ (၁၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ကြီးကို ကျင်းပပြုလုပ်ခဲ့သည်။

ကျင်းပပြုလုပ်ရာကျောင်းမှာ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စေမွန်လှ သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတ်ဘက်နဂါးကိုးကောင်ဘုရား စေမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သည်။

နဂါးကိုးကောင်ဆရာတော်၏ ဖိတ်ကြားချက်အရ နံနက် ၈ နာရီတွင် စာရေးသူ အရောက်သွားရောက်ခဲ့သည်။ မကြာမီတင်မှာပင် KMC ကျောင်းမှ ကားကြီး၊ ကားငယ်များ ရောက်ရှိလာကာ ဆရာ ဦးခင်မောင်ချိုနှင့် နှုတ်ဆက်စကားပြောဆိုခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများကလည်း စည်းကမ်းစနစ်ကျစွာ တန်းစီ၍ နေရာယူကြပြီး ရှေးဦးစွာ သူငယ်တော်အကအဖွဲ့မှ အတီးအမှုတ်များဖြင့် ကပြဖျော်ဖြေခဲ့သည်။

၉ နာရီတွင် နဂါးကိုးကောင်ဆရာတော် သီတင်းသုံးရာ "ရဲရင့်အောင်ကျောင်း" "စေနန်းထွေးကျောင်း"ရှေ့မှ မြတ်ဘက်ရာဘုရားကို ဦးခိုက်ပူဇော်ပြီး အခမ်းအနားပြုလုပ်ရာ နဂါးကိုးကောင်ကုသိုလ်ဖြစ် ဆေးပေးခန်းကြီးရှေ့ရှိ စည်းဝေးတိုင်ပင်ရာ ခန်းမကြီးဆီသို့ အစီအစဉ်တကျ ကထိန်အခင်းအကျင်းများကို ကျောင်းသား၊ ကျောင်းသူ၊ ညီအစ်ကိုမောင်နှမများက ကိုင်ဆောင်ကာ ရောက်ရှိလာကြသည်။

အစည်းအဝေးအခမ်းအနားကျင်းပရာ ခန်းမကြီးတွင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက စည်းကမ်းသေဝပ်စွာ နေရာယူခဲ့ကြသည်။

မကြာမီမှာပင် နဂါးကိုးကောင်ဆရာတော် ကြွရောက်လာခဲ့သည်။

(၁) အခမ်းအနားကို "နမောတဿ"သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ခဲ့ကြပြီး "ဩကာသ"ကန်တော့ချိုးဖြင့် ဘုရားကန်တော့ခဲ့ကြသည်။

(၂) ဆက်လက်၍ စေမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ ပဓာန နာယကတိုက်အုပ်နဂါးကိုးကောင်ဆရာတော် သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တရာဇိန္ဒ အမှူးရှိသော သံဃာတော်များထံမှ ငါးပါးသီလကို ခံယူဆောက်တည်လျက် ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။

(၃) ဆက်လက်၍ KMC ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်အုပ်ချုပ်သူ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ချိုက စုပေါင်းဘုံကထိန်အလှူတော် ခင်းကျင်းလှူဒါန်းမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားခဲ့သည်။

(၄) ထို့နောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား စုပေါင်းဘုံကထိန် အရံသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်လက်လှူဒါန်းခဲ့သည်။

(၅) ဆက်လက်၍ အလှူရှင်အသီးသီးက နဝကမ္မအလှူတော်ငွေများ ဆက်လက်လှူဒါန်းခဲ့သည်။

(၆) ထို့နောက် နဂါးကိုးကောင်ဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို နာယူကြည်ညိုခဲ့ကြသည်။

(၇) ထို့နောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ ဆုတောင်းကာ အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြသည်။



အခမ်းအနားကို အောင်မြင်စွာပြီးဆုံးရုပ်သိမ်းပြီးနောက် ကျောင်းသား၊ ကျောင်းသူများသည် စနစ်တကျဖြင့် အုပ်စုခွဲ၍ ကျယ်ပြောသာယာလှသော စေမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မြတ်ဘက်နဂါးကိုးကောင်ကျောင်း ပရိဝုဏ်အတွင်းရှိ ပန်းမန်ဥယျာဉ်များ၊ ရေတွင်းရေကန်များ၊ ဘုရားကျောင်းကန် စေတီပုထိုးများကို လှည့်လည်ကြည့်ရှု၍ အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။ ဘုရားရှိခိုးဆုတောင်းကြသည်။ ရောက်ရှိလာကြသော ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ဝန်းကျင်ခန့်တို့ ပျော်ရွှင်ကြည်နူးစွာ သွားလာကျင်းပနေကြသည့် မြင်ကွင်းမှာ ပျော်ရွှင်ကြည်နူးဖွယ်ရာကောင်းလှပေသည်။

ထို့နောက် နံနက် ၁၁ နာရီမထိုးမီပင် နဂါးကိုးကောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ အမှူးရှိသော ကျောင်းတိုက်အတွင်းရှိ ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများ၊ သီလရှင် ဆရာကြီး၊ ဆရာလေးများအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**တစ်နှစ်ကယ်တဲ့မှ တစ်ကြိမ်၊**
**လှူဖို့ရာ အတော်ခဲရှာကြ၊**
**ပွဲမြတ်ကထိန်၊**
**တန်ဆောင်မီးတွေက ပြောင်ရှိန်၊**
**ခါအချိန်မို့ ထင်ရှား။**
**စိတ်သံယူ၊ စိတ်သံယူ၊**
**နိဗ္ဗာန်အတူ ပျော်ပျော်သွားရအောင်၊**
**ဖောင်မဂ္ဂင် မိုတိုရထားရယ်နှင့်၊**
**ကူးမဲ့စိတ်ထား။**
**တော်ကြပါပေရဲ့ အများ**
**'သာဓု' ခေါ်လို့မှ မဆုံးနိုင်ပါတကား။**



## ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သောအခါ အသက်နှင့်ရည်ရွယ်ချက်အပေါ် ချင့်ချိန်ရွေးချယ်သင့်

ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းသည် လူတို့၏ နေ့စဉ်ကျန်းမာရေးဘဝကို တိုးတက်ကောင်းမွန်စေသဖြင့် ကျန်းမာရေး



လိုက်စားသူများ အလေးထားလေ့ရှိကြသည်။

ယင်းလေ့ကျင့်ခန်းပြုလုပ်သောအခါ ရှိသမျှလေ့ကျင့်ခန်းတိုင်းကို လုပ်စရာမလိုဘဲ ထိရောက်မှုရှိစေရန်အတွက် ပြုလုပ်သင့်သော အမျိုးအစားကို မိမိအသက်နှင့် ရည်ရွယ်ချက်အပေါ် ချင့်ချိန်ရွေးချယ်သင့်သည်ဟု အမေရိကန် အားကစားဆေးပညာကောလိပ်မှ သုတေသီများ မကြာသေးမီက အကြံပြုတင်ပြခဲ့ကြသည်။

အခြေခံအားဖြင့် သွေးပူစေသောလေ့ကျင့်ခန်းနှင့် အင်အားဖြစ်စေသောလေ့ကျင့်ခန်းဟူ၍ ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်း (၂)မျိုးရှိရာ သင့်သလိုရွေးချယ်သင့်သည်ဟု အဆိုပါသုတေသီများက အကြံပြုကြသည်။

ထိုလေ့ကျင့်ခန်း(၂)မျိုးစလုံးသည် ကျန်းမာရေးအတွက် ကောင်းမွန်စေသဖြင့် ရွေးချယ်တတ်ခြင်းသည် မိမိအပေါ်တွင်သာ မူတည်မည်ဖြစ်ကြောင်း သိရသည်။ (SCI)



## Jang Geun Suk သိုင်းရှိုက်ကင်ဆာ ခွဲစိတ်မှုအောင်မြင်

အနုပညာရှင် ဂျန်ဂွန်ဆွတ်သည် အနုပညာလောကမှ ပျောက်ကွယ်နေပြီး သိုင်းရှိုက်ကင်ဆာဝေဒနာခံစားနေရာမှ ခွဲစိတ်မှုအောင်မြင်ခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တစ်ချိန်က ဖက်ရှင်စတိုင်လ်ကြောင့် နာမည်ကျော်အနုပညာရှင်ဖြစ်ခဲ့ပြီး အဆိုတော်၊ သရုပ်ဆောင်ဘဝနှင့် အောင်မြင်မှုများစွာ သိမ်းပိုက်ထားသည့် ဂျန်ဂွန်ဆွတ်သည် သိုင်းရှိုက်ကင်ဆာ ဝေဒနာခံစားနေရ၍ အနုပညာလောကမှ ပျောက်ကွယ်နေခဲ့သည်။

လွန်ခဲ့သည့်နှစ် အောက်တိုဘာလတွင် အနုပညာလုပ်ငန်းများ ရပ်နားခဲ့ပြီး မေလတွင် ခွဲစိတ်ကုသမှုခံယူခဲ့ရာမှ ခွဲစိတ်မှုအောင်မြင်၍ ပြန်လည်ကျန်းမာလာသော်လည်း ထပ်မံစစ်ဆေးမှုများ ပြုလုပ်ရဦးမည် ဖြစ်သည်။

ပရိသတ်အသည်းစွဲဖြစ်ခဲ့ရသည့် ဂျန်ဂွန်ဆွတ်၏ ပြန်လည်ထူထောင်ရေးကုသမှုများအတွက် ဆုတောင်းပေးထားကြသည်။ (SKY)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Gladiator 2 ဝေဖန်မှုများစွာနှင့် ကြုံတွေ့နေရ

ဟောလိဝုဒ်ရုပ်ရှင် Gladiator အောင်မြင်မှု ရရှိခဲ့ပြီးနောက် အပိုင်းနှစ်ကို ဆက်လက်ထုတ်ခဲ့ရာမှ ပရိသတ်များက သမိုင်းအထောက်အထားကွဲလွဲနေ၍ ဝေဖန်မှုများနှင့် ကြုံတွေ့နေရသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ဝင်ခန်းတွင် ငါးမန်းများလွှတ်ထားသော အခန်း၌ ရောမလူမျိုးများငါးမန်းဆိုသည့် သတ္တဝါကို သိရှိခြင်းမရှိကြောင်း၊ ကြွံများနှင့်တိုက်ခိုက်ရာတွင်လည်း ရောမခေတ်ကဗျာတစ်ပုဒ်ထဲမှ ကြွံအကြောင်းဖွဲ့ထား၍ အသုံးပြုထားသည်ကို ထောက်ပြ ဝေဖန်ထားကြသည်။




ရောမခေတ်တွင် အရေးကြီးသတင်းများ သိလိုပါက ကျောက်တုံးကြီးပေါ် ရေးထွင်းဖော်ပြထားရာ လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀ တွင် သတင်းစာမပေါ်သေး၍ ကော်ဖီဆိုင်တွင် သတင်းစာဖတ်နေသည့် ဇာတ်ရုပ်မှာ ဟာသပြကွက်ဖြစ်ခဲ့ကာ မထွက်မီကပင် ဝေဖန်ခံနေရပြီး နိုဝင်ဘာ ၁၅ ရက်က ထွက်ရှိခဲ့သည်။ (SKY)

## Hitler ရုပ်ရှင်တွင် စွယ်စုံရ တမီးလ်အနုပညာရှင် Vijay Antony ပါဝင်ထား

စွယ်စုံရတောင်ပိုင်း တမီးလ်အနုပညာရှင် မင်းသားကြီး ဗီဂျေးအန်တိုနီက တမီးလ်အက်ရှင်ဇာတ်ကားတွင် ပါဝင်ထားသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် တမီးလ်အက်ရှင်စွယ်စုံရမင်းသားကြီးက ၄၈ ရက် သူတောင်းစားလုပ်၍ ယတြာချေထားသည့်ဇာတ်ကားဖြစ်ကာ ဝန်ကြီးဖြစ်လိုသူ ပစ်သတ်ခံရမှုနှင့် စတင်ထားသည်။

ယင်းအမှုကို တာဝန်ပေးခံရသူ၊ ချန်နိုင်းသို့ အင်တာဗျူးဖြေဆိုရန် ရောက်ရှိလာသူတို့နှစ်ဦးနှင့် ဝန်ကြီးချုပ်ဖြစ်လိုသူတို့ ပတ်သက်မှုကို စိတ်ဝင်စားဖွယ်ရိုက်ကူး




တင်ပြထားကာ IMDb 7.6 ရရှိထားသည်ထိ အားပေးမှုရရှိထားသည်။

စွယ်စုံရတောင်ပိုင်း မင်းသားကြီးဗီဂျေးအန်တိုနီ၏ လက်စွမ်းပြချက်များနှင့် တမီးလ်အက်ရှင်ကားကောင်းတစ်ခုအဖြစ် ကြည့်ရှုကြရသည်။ (SKY)



## V @ Kim Taehyung က သင်တန်းတွင် အားကစားပစ္စည်းများ လှူဒါန်းထား

ဘီတီအက်စ်အဖွဲ့ဝင် ဗွီ(ခေါ်) ကင်ထယ်ယောင်းက သင်တန်းတွင် လိုအပ်သော အားကစားပစ္စည်းများကို လှူဒါန်းပေးထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သင်တန်းသားများအတွက် လိုအပ်သည့် အားကစားပစ္စည်းများကို လှူဒါန်းပေးရုံသာမက ဗွီ(ခေါ်) ကင်ထယ်ယောင်းက စိတ်ပိုင်းဆိုင်ရာ ခွန်အားများလည်း ဝေမျှပေးခဲ့သည်။

အတူဖြတ်သန်းခဲ့ကြရသော သင်တန်းသားတစ်ဦးက သင်တန်းပြီးဆုံး၍ စာတစ်စောင်ပေးပို့ခဲ့ရာတွင် အားလုံး၏ အခက်အခဲများကို နားထောင်၍ အကြံဉာဏ်ပေး အားပေးခဲ့၍ ကျေးဇူးတင်ကြောင်း၊ အားလုံးအတွက် အကောင်းစား အားကစားပစ္စည်း လှူဒါန်းပေးပြီး စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်အောင် ဝေမျှပေး၍ ကျေးဇူးတင်ကာ ထိခိုက်ဒဏ်ရာမရရန် ဆုတောင်းပေးထားသည်။

မရှင်းလင်းသော အိပ်မက်များကို ရှင်းလင်းအောင်လုပ်ပေးခဲ့သူဟူ၍ အမည်တပ်ပေးထားသည်။

(SKY)

## (G)I-DLE မှ Soyeon က CBUE အေဂျင်စီနှင့် လက်တွဲဖြုတ်ခဲ့

ကေပေါ့ပ်ဂျီအိုင်ဒီရယ် အဖွဲ့ဝင် ဆိုယွန်သည် CUBE သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီအိုင်ဒီရယ်အဖွဲ့သည် ကေပေါ့ပ်လောကတွင် ကျော်ကြားပြီး သီချင်းကောင်းများစွာ၏ ပွဲကိုင်ရှင် ဆိုယွန်က အဖွဲ့နှင့် လက်တွဲဖြုတ်မည့်သတင်းထွက်ပေါ်လာသည်။

ဆိုယွန်နှင့် ဂျီအိုင်ဒီရယ် အင်တာတိန်းမင့်ကြားတွင် ရှေ့ဆက်ရန် မဖြစ်နိုင်တော့သည့်အကြောင်းများပေါ်ပေါက်လာ၍ ထွက်ခွာရန်ပြင်ဆင်ပြီး လက်ရှိအေဂျင်စီအသစ်ရှာဖွေနေသည်ဟု သတင်းမီဒီယာများက ဖော်ပြထားသည်။

ဂျီအိုင်ဒီရယ်အဖွဲ့ကို အဆိုပါအင်တာတိန်းမင့်က ပံ့ပိုးမှုအားနည်းခဲ့သဖြင့် ပရိသတ်များက ဂျီအိုင်ဒီရယ်အဖွဲ့ကို လက်တွဲဖြုတ်ရန် မျှော်လင့်နေကြကာ နိုဝင်ဘာလတွင် စာချုပ်ကုန်ဆုံးမည့် ဆိုယွန်က လက်တွဲဖြုတ်ခြင်းဖြစ်သည်။ (SKY)



## Jang Na-ra ကို အိမ်ထောင်ရေးကံကောင်းသူဟု သတ်မှတ်

ကိုရီးယားအနုပညာရှင် ဂျန်နာရသည် ၂၀၂၂ ခုနှစ်တွင် သူ့ထက် (၆)နှစ်ငယ်သည့် ချစ်သူနှင့် လက်ထပ်ခဲ့ပြီး အိမ်ထောင်ရေးသာယာ၍ ကံကောင်းသူဟု ပရိသတ်က သတ်မှတ်ပေးထားကြသည်ဟု ကိုးရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အင်တာဗျူးတစ်ခုတွင် ဂျန်နာရက VIP ဇာတ်ကား ရိုက်ကွင်းတွင် အမျိုးသားနှင့် စတင်ဆုံစည်းခဲ့ပြီး အက်စ်ဘီအက်စ်၏ ကင်မရာမန်းတစ်ဦးဖြစ်ကာ အနေအေး၍ စိတ်ဝင်စားမိရာမှ အရင်စ၍ ပြုံးပြခဲ့ပြီး သူ၏အလုပ်ကိုသာ စိတ်နှစ်ထားသူဖြစ်သည်ဟု



ဆိုကာ အလုပ်ကြိုးစား၍ အကျင့်ကောင်းမွန်သူဖြစ်ကြောင်း ပြောကြားခဲ့သည်။

ချစ်သူအဖြစ် တွဲခဲ့ကြပြီး လက်ထပ်ရန်အထိ ဆုံးဖြတ်ခဲ့ကာ အိမ်ထောင်ကျပြီးနောက် အတူရှိမနေနိုင်ချိန်တွင် ပုံများအပြန်အလှန်ပို့၍ အဆက်အသွယ်မပြတ်ရှိခဲ့ကြသဖြင့် ပရိသတ်များက ဇာတ်ကားထဲတွင် အိမ်ထောင်ရေးကံမကောင်းခဲ့သော ဂျန်နာရကို လက်တွေ့ဘဝတွင် အိမ်ထောင်ရေး ကံကောင်းသူဟု သတ်မှတ်ခဲ့ကြသည်။ (SKY)

## အမေရိကန်ရောက် ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒိုး မာရာလာဂိုစံအိမ်တွင် ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံ



**ဝါရှင်တန် နိုဝင်ဘာ ၃၀**

ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒိုး နိုဝင်ဘာ ၂၉ ရက်က အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိလာကာ မာရာလာဂိုစံအိမ်တွင် ဒေါ်နယ်လ်ထရမ့်နှင့် တွေ့ဆုံခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မိမိ သမ္မတရာထူးတာဝန်စတင်ထမ်းဆောင်လျှင် ကနေဒါနိုင်ငံအပေါ် အခွန်အတုပ် ၂၅ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံသွားမည်ဟု တယ်လီဖုန်းမှတစ်ဆင့် ဒေါ်နယ်လ်ထရမ့် ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ထိုကိစ္စနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် အမေရိကန်ပြည်ထောင်စုသို့ ၎င်း ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

အမေရိကန်အစိုးရအဖွဲ့သစ်တွင် ပါဝင်မည့်သူများနှင့် မာရာလာဂိုစံအိမ်၌ ဆွေးနွေးတိုင်ပင်နေသော ဒေါ်နယ်လ်ထရမ့်က ဂျပ်စတင်ထရူဒိုးကို သီးခြားလက်ခံတွေ့ဆုံကာ ညစာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့သည်။

ညစာစားရင်း အခွန်အတုပ်ကိစ္စနှင့် ပတ်သက်၍ ၎င်းတို့နှစ်ဦး ဆွေးနွေးခဲ့ကြောင်း သိရသည်။

Mon



## မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်း ရုရှားကာကွယ်ရေးဝန်ကြီးကို လက်ခံတွေ့ဆုံဆွေးနွေး

**ပြုံယမ်း နိုဝင်ဘာ ၃၀**

နိုဝင်ဘာ ၂၉ ရက်တွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်းက ရုရှားကာကွယ်ရေးဝန်ကြီး အန်ဒရေဘေလူဆော့ဗ်ကို ပြုံယမ်းမြို့တော်၌ လက်ခံတွေ့ဆုံဆွေးနွေးခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်းတို့နှစ်ဦး တွေ့ဆုံစဉ် နှစ်နိုင်ငံကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းဌာန၏ ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်းတို့အကြား လက်မှတ်ရေးထိုးသဘောတူညီထားသည့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်ကို အကြောင်းပြု၍ ရုရှားကာကွယ်ရေးဝန်ကြီး မြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0






## အစ္စရေးနှင့် အပစ်အခတ်ရပ်စဲရေး ဆက်လက်တည်တံ့စေရန် ဟစ်ဇဘိုလာခေါင်းဆောင် ညှိနှိုင်းဆွေးနွေးမည်ဟု ဆို

**ဘေရွတ် နိုဝင်ဘာ ၃၀**

အစ္စရေးနှင့် အပစ်အခတ်ရပ်စဲရေး ဆက်လက်တည်တံ့စေရန် လက်ဘနွန်တပ်မတော်နှင့် ညှိနှိုင်းဆွေးနွေးသွားမည်ဟု ဟစ်ဇဘိုလာခေါင်းဆောင် နာအင်မ်ကွက်ဆင်က နိုဝင်ဘာ ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တစ်နှစ်ကျော်ကြာသည်အထိ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်နေခဲ့သော အစ္စရေးနှင့် ဟစ်ဇဘိုလာပြောက်ကျားများအကြား ယာယီအပစ်အခတ်ရပ်စဲမှု သုံးရက်ပြည့်မြောက်သောအချိန်တွင် ၎င်းက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဟစ်ဇဘိုလာပြောက်ကျားအဖွဲ့၏ အတွင်းရေးမှူးချုပ်တာဝန်ထမ်းဆောင်နေသော နာအင်မ်ကွက်ဆင်က နေရာအတိအကျ ဖော်ပြမထားသောဒေသမှ ရုပ်မြင်သံကြားမိန့်ခွန်းလွှင့်တင်ပြီး ထိုသို့အသိပေးခဲ့ခြင်း ဖြစ်သည်။

လက်ရှိ ယာယီအပစ်အခတ်ရပ်စဲမှုသည် ဟစ်ဇဘိုလာတို့ဘက်က အောင်ပွဲဖြစ်သည်ဟု ၎င်းက တစ်ဆက်တည်းပြောကြားခဲ့ကြောင်း သိရသည်။

Mon

## အိန္ဒိယနိုင်ငံမြောက်ပိုင်း ဂျာလန်ဒါမြို့တွင် ကော်ဖီဆိုင်ထိုင်သောယဉ်ကျေးမှု ထွန်းကားနေ

**ဒေလီ နိုဝင်ဘာ ၃၀**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဂျာလန်ဒါမြို့တွင် ယခုနောက်ပိုင်း၌ ကော်ဖီဆိုင်ထိုင်သောယဉ်ကျေးမှု ထွန်းကားနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် လက်ဖက်ရည်ကို လူကြိုက်များပြီး ကော်ဖီသောက်သုံးသောယဉ်ကျေးမှု ခေတ်အဆက်ဆက်တွင် မှေးမှိန်နေခဲ့သည်။

ကိုဗစ် ၁၉ ရောဂါကူးစက်သောကာလအတွင်း အသွားအလာ ကန့်သတ်မှုများကြောင့် မိသားစုအချို့ အိမ်နေရင်း ကိုယ်တိုင်ကော်ဖီဖျော်သောက်ခဲ့ကြရာမှ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင် အိန္ဒိယနိုင်ငံရှိ မြို့အများစု၌ ကော်ဖီဆိုင်များဖွင့်လာခဲ့ကြသည်။

ဂျာလန်ဒါမြို့တွင် မစ္စတာဆင်းဆိုသူ ၂၀၂၁ ခုနှစ်က ကော်ဖီဆိုင်ဖွင့်ခဲ့ရာ အထူးသဖြင့် မြို့နေလူငယ်များ၏ လက်ခံအားပေးမှုရရှိခဲ့ရာမှ ယခုအခါ ဆိုင်ခွဲပေါင်း ၄၀ အထိ ထိုမြို့တစ်ဝန်း တိုးချဲ့ဖွင့်လှစ်ထားကြောင်း သိရသည်။

Mon

0-0-0-0-0





## ဗီယက်နမ်နိုင်ငံ ဟန္နိုင်းနှင့် ဟိုချီမင်းမြို့အကြား မြန်နှုန်းမြင့်မီးရထားလမ်းဖောက်လုပ်ရန် စီစဉ်

**ဟန္နိုင်း နိုဝင်ဘာ ၃၀**

ဗီယက်နမ်နိုင်ငံတွင် ဟန္နိုင်းနှင့် ဟိုချီမင်းမြို့အကြား မြန်နှုန်းမြင့်မီးရထားလမ်းဖောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လက်ရှိဒီဇယ်လောင်စာသုံး မီးရထားဖြင့် နာရီ ၃၀ ကြာမြင့်သော ထိုနှစ်မြို့အကြား မြန်နှုန်းမြင့်မီးရထားဖြင့် ၅ နာရီအတွင်း ရောက်အောင် သွားနိုင်မည်ဟု ဆိုသည်။

အဆိုပါ မြန်နှုန်းမြင့်မီးရထားလမ်းဖောက်လုပ်ရေးစီမံကိန်းအတွက် ဗီယက်နမ်အစိုးရက အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံ ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ Mon

STOP AIDS

## လာအိုနိုင်ငံ ဗန်းဗီယင်းနယ်စပ်မြို့ စားသောက်ဆိုင်များ၌ တိုက်ဂါး၊ ဟော့ဒကာနှင့် ဝီစကီအရက်များကို ပိတ်ပင်

**ဗီယင်ကျန်း နိုဝင်ဘာ ၃၀**

လာအိုနိုင်ငံ ဗန်းဗီယင်းနယ်စပ်မြို့ စားသောက်ဆိုင်များ၌ ထိုင်းအခြေစိုက် တိုက်ဂါးကုမ္ပဏီထုတ် ဗော့ဒကာနှင့် ဝီစကီအရက်များကို ပိတ်ပင်တားမြစ်လိုက်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နိုဝင်ဘာ ၁၂ ရက်က ညပိုင်း အလည်အပတ်သွားပြီး မူးယစ်သောက်စားခဲ့သူများအနက်မှ ဒိန်းမတ်၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဩစတြေးလျစသောနိုင်ငံများမှ ဆယ်ကျော်သက်လူငယ် ၆ ဦး အရက်အဆိပ်တက်ပြီး သေဆုံးခဲ့ပြီးနောက် စစ်ဆေးတွေ့ရှိချက်နှင့် ထိုပိတ်ပင်တားမြစ်မှုအကြား ဆက်နွယ်ပတ်သက်နိုင်ကြောင်း ဩစတြေးလျခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခုက သုံးသပ်သည်။

ဩစတြေးလျနိုင်ငံမှ အသက် ၁၉ နှစ်အရွယ် ဟိုလီဘောင်ဝဲလ်စ်နှင့် ဘီယန်ကာဂျုံးစ်တို့နှစ်ဦးသည် နာနာဟုအမည်ရသော အဆောင်တွင် ဖွင့်လှစ်ထားသည့် အရက်ဆိုင်မှ အရက်သောက်သုံးပြီး အပြင်ထွက်လည်ပတ်နေစဉ် အရက်အဆိပ်သင့်ခဲ့ခြင်းဖြစ်သည်ဟု ဩစတြေးလျအာဏာပိုင်များက ထောက်ပြခဲ့သည်။

ယင်းကဲ့သို့ ထောက်ပြပြီးနောက် လာအိုရဲစုံထောက်များက အဆိုပါအဆောင်မှ မန်နေဂျာနှင့် ဝန်ထမ်း ၇ ဦးကို ဖမ်းဆီးစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် သံသယရှိသောအရက်များကို ပိတ်ပင်တားမြစ်ခြင်းဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0



နိုဝင်ဘာလနှောင်းပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်တစ်နေရာ၌ ရေကြီးနေသည်ကို တွေ့ရစဉ်။

Mon



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်း ဆောင်ရွက်

**မိတ္ထီလာ နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ခရိုင်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူးနှင့် လက်တွေ့သရုပ်ပြသခြင်းများကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် အဆိုပါဦးစီးဌာနမှ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ မီးလောင်မှုဖြစ်ပွားသည့် အကြောင်းအရင်းများနှင့် မီးငြိမ်းသတ်ခြင်းနည်းစနစ်များ စသည်တို့ကို ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း အသိပညာပေးဆွေးနွေးပြောကြားသည်။ဆက်လက်၍ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနဝန်ထမ်းများအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းနှင့် ကိုယ်တိုင်ပါဝင်လက်တွေ့ငြိမ်းသတ်စေခြင်းများကို ခရိုင်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၅၃)

*-*-*-*-*



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပင်းတယ နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ဆူးဗိုလ်ကုန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမဆောင်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေးဟောပြောပွဲအား နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ဒုတိယရဲမှူးအေးမင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာကိစ္စရပ်များ၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြော၍လည်းကောင်း၊ မြို့နယ်ရဲမှူးအောင်နိုင်ဦးက ဓနုဒေသ၊ ပင်းတယမြို့နယ်၌ မှီတင်းနေထိုင်ကြသော ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်းအစရှိသော တိုင်းရင်းသားမိဘပြည်သူများ၏ မျိုးဆက်သစ်လူငယ်လူရွယ်များ၊ ကျောင်းသား၊ ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းစေရေးအသိပညာပေးခြင်းဆိုင်ရာကိစ္စရပ်များကို ပရိုဂျက်တာဗီဒီယိုဖိုင်နဲ့တကွ ရှင်းလင်းပြောကြားပေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့အထက(ပင်းတယ)ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသူဝင်းနှင့် အထက်တန်းနှင့် အလယ်တန်းဆင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၃၈)



## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ပုသိမ်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုးနှင့်၊ လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ သယ်ဆောင်လာသည့် King Long Bus တစ်စီးနှင့် Asia Star Bus တစ်စီးကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်းတစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးနှင့် Cheng Long Truck တစ်စီးကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တောင်ကြီးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ တောင်ငူမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ ယာဉ်အပိုပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးကိုလည်းကောင်း၊ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီးကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊အငယ်စား နှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဝ-ဝ-ဝ-ဝ-ဝ

| ဂျာမန်ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| လိုက်ပဇစ် | ၁ - ၅ | ဝုဖ်ဘတ် | |
| ဖိုဒ်အာရီမင် | ၂ - ၂ | စတုဂတ် | |
| ဖရိုင်းဘတ် | ၃ - ၁ | ဂလာဘတ် | |
| အော့ဂ်စဘတ် | ၁ - ၀ | ဘိုချန် | |
| ယူနီယံဘာလင် | ၁ - ၂ | လေဗာကူဆင် | |

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဘရန့်ဖို့ဒ် | ၄ - ၁ | လက်စတာ |
| ဖဲလမ့် | ၁ - ၁ | နယူးကာဆယ် |
| နော့တင်ဟမ် | ၁ - ၀ | အစ်ဆွစ်ချ် |
| ဝုဖ် | ၂ - ၄ | ဘုန်းမောက် |
| အာဆင်နယ် | ၅ - ၂ | ဝက်စ်ဟမ်း |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဘာစီလိုနာ | ၁ - ၂ | လာပါးမက်စ် |
| အလာဗက်စ် | ၁ - ၁ | လီဂါနက်စ် |

| အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ကိုမို | ၁ - ၁ | မွန်ဇာ |
| အေစီမီလန် | ၃ - ၀ | အမ်ပိုလီ |

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "minmyat 612" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မဟာအောင်မြေရပ်ကွက်နေ မင်းမြတ်စိုးကို မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Nay Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဘုရားကုန်းကျေးရွာနေ နေဝင်းလှိုင်(ခ)နေဝင်းကို ညနေ ၄ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် သံဃာတော်တစ်ပါး ပျံလွန်တော်မူခဲ့ပြီး နှစ်ပါး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် နိုဝင်ဘာ ၃၀

ကယားပြည်နယ် လွိုင်လင်လေးမြို့နယ် ထီးစဲခါးကျေးရွာရှိ ထီးစဲခါးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသအမှူးပြုသော သံဃာတော် ငါးပါးသည် ယနေ့နံနက် ၈ နာရီ ခန့်တွင် ကျောင်းတိုက်၌ စေတီတော်အသစ်တည်ထားကိုးကွယ်ရန် လိုအပ်သည့် ပစ္စည်းများ ဝယ်ယူရန်အတွက် မန္တလေးမြို့သို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် လွိုင်ကော်-ဆီဆိုင်သွားကားလမ်း အောင်ကလပ်ကျေးရွာအနီးသို့ အရောက်၌ KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် သံဃာတော်များဖြစ်ကြသည့် ဦးပီညောဘာသ၊ ဦးစန္ဒိမာနှင့် ဦးပဏ္ဍိတတို့တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ဦးစန္ဒိမာသည် ရရှိခဲ့သည့် ဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ကြောင်း သိရှိရသည်။

ထိုသို့ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်နှင့်တစ်ပြိုင်နက် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာသို့ အမြန်ဆုံးသွားရောက်ပူးပေါင်းခဲ့ရာ အကြမ်းဖက်သမားများသည် ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့၏ပစ်ခတ်မှုကြောင့် ပျံလွန်တော်မူခဲ့ရသည့်ဆရာတော်ဦးစန္ဒိမာ၏ရုပ်ကလာပ်တော်အား လွိုင်ကော်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ ပင့်ဆောင်ခဲ့ကြသည်။ ဆရာတော်၏ ရုပ်ကလာပ်တော်အား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ဖူးမြော်ခဲ့ကြပြီး အန္တိမဈာပနပူဇော ပြုလုပ်ရန်အတွက် တာဝန်ရှိသူများထံ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ကြသည့် သံဃာတော် နှစ်ပါးကိုလည်း တောင်ကြီးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပင့်ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်၍ နဝကမ္မဝတ္ထုငွေ၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အပေါ် လိုလားထောက်ခံခြင်းမရှိသော အပြစ်မဲ့ပြည်သူများကိုသာမက ကိုးကွယ်ယုံကြည်ရာဖြစ်သော ရဟန်းသံဃာများကိုပင် အကြောင်းအမျိုးမျိုးပြစ္စပ်စွဲ၍ သတ်ဖြတ်ခြင်းများကို ကျူးလွန်လျက်ရှိသည်။



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ထီးစဲခါးရေတံခွန်ကျောင်းတိုက်ရှိ သံဃာတော်များအား ကျန်းမာရေးဆိုင်ရာများလျှောက်ထားပြီး နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းကြောင်းများပေါ်၌ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခြင်းများကို ကာကွယ်တားဆီးနိုင်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လှုပ်ရှားသွားလာမှုများနှင့် မသင်္ကာဖွယ်လှုပ်ရှားမှုများ တွေ့ရှိရပါက သက်ဆိုင်ရာသို့ သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း သိရသည်။ **သတင်းစဉ်**



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဒဏ်ရာရရှိခဲ့သော ဆရာတော် ဦးပီညောဘာသနှင့် ဦးပဏ္ဍိတတို့အား ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားစဉ်။



KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများက သံဃာတော်များ လိုက်ပါလာသည့် မော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

# မကွေးတိုင်းဒေသကြီး မကွေးမြို့၌ "ချိုချို"စိန်ရွှေရတနာဆိုင်မှ ငွေကျပ် ၇၅၄ သိန်းခန့် တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၁၃ ကျပ်သားခန့်ကို သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားနှစ်ဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၃၀

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်ရတနာရပ်ကွက်ရှိ "ချိုချို" စိန်ရွှေရတနာဆိုင်သို့ အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်းဝင်ရောက်ကာ သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ဆိုင်အတွင်းရှိ မှန်ကောင်တာအား တူဖြင့်ထုခွဲကာ ဆွဲသီးပါ ရွှေဆွဲကြိုးအကုံး ၂၀၊ ရွှေကလစ် ၁၅ ခု၊ (ရွှေအလေးချိန် ၁၃ ကျပ်သားခန့် စုစုပေါင်းတန်ဖိုးငွေကျပ် ၇၅၄ သိန်းခန့်)ကို လုယက်ယူဆောင်သွားခဲ့ပြီး သေနတ်ပစ်ခတ်ခဲ့မှုကြောင့် ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးထွန်းထွန်းဦး(၅၉)နှစ်နှင့် ဆိုင်အပြင် လမ်းမပေါ်တွင် ရှိနေသည့် ဦးအောင်မျိုးမြင့်ပိုင်(၂၇)နှစ်တို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် မကွေးမြို့မ ရဲစခန်း(ပ)၁၂၃/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုရေးဖွင့်၍ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့သည်။

အမှုမှ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်း၊ ပတ်ကင်းများဖြင့် စုံစမ်းရှာဖွေခြင်း၊ မြို့ဝင်၊ မြို့ထွက် စစ်ဆေးရေးဂိတ်များမှ ပိတ်ဆို့စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ "ချိုချို" စိန်ရွှေရတနာဆိုင်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများလုယက်မှုကျူးလွန်ခဲ့သူ တရားခံ အောင်ဇော်ထွန်း(၄၉)နှစ် (ဘ)ဦးမြသောင်း၊ အောင်မြေသိမ်ကုန်းရပ်ကွက် မင်းဘူးမြို့နယ်နေသူအား ယင်းနေ့ည ၇ နာရီခွဲတွင် မကွေးမြို့နယ် ယင်းဆိပ်စစ်ဆေးရေးဂိတ်၌ ၎င်းစီးနင်းလာသည့် NewAnbo 125 အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အောင်ဇော်ထွန်း၏ ထွက်ဆိုချက်အရ ၎င်းနှင့်အတူ အောင်မင်းသူ(ခ) မိုးသန်း(၃၄)နှစ် (ဘ)ဦးခင်မောင်ဦး၊ ရွှေပြည်သာမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူတို့နှစ်ဦးသည် "ချိုချို"စိန်ရွှေရတနာဆိုင်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်ခဲ့ပြီး လုယက်ယူဆောင်လာသည့် ရွှေထည်ပစ္စည်းများအား ရှားပင်လှကျေးရွာအနီးရှိ လျှိုတစ်ခုအတွင်း၌ ဝှက်ထားခဲ့ကြောင်း သိရှိရသဖြင့် နိုဝင်ဘာ ၂၉ ရက် နံနက် ၄ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ အဆိုပါနေရာတွင် အနက်ရောင်ဘေးလွယ်အိတ်အတွင်းမှ ရွှေဆွဲကြိုး ၁၈ ကုံး၊ ရွှေကလစ် ငါးခုနှင့် အခင်းဖြစ်စဉ် အသုံးပြုခဲ့သည့် GLOCK 19 အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၎င်းကျည် ၁၁ တောင့်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် တရားခံ အောင်မင်းသူ (ခ)မိုးသန်းအား နိုဝင်ဘာ ၂၉ ရက် ည ၇ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဆံတော်ဘုရားပေါ်ရှိ ကျားပျံမမှာရုံ၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ အောင်ဇော်ထွန်းနှင့် အောင်မင်းသူ(ခ)မိုးသန်းတို့နှစ်ဦးအား ထပ်မံစစ်ဆေးချက်အရ လုယက်မှုကျူးလွန်စဉ် ပစ်ခတ်သုံးစွဲခဲ့သည့် GLOCK 19 အမျိုးအစား ပစ္စတိုသေနတ်နှင့် ကျည်အိမ် နှစ်ခု၊ ၎င်းကျည် ၁၄ တောင့်အား တရားခံ အောင်ဇော်ထွန်းက လွန်ခဲ့သည့် ၂၀၂၁ ခုနှစ်အတွင်း ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် သွားရောက်အလုပ်လုပ်ကိုင်စဉ် အမျိုးသားတစ်ဦး(စိစစ်ဆဲ)ထံမှ ငွေကျပ် ၂၅ သိန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ "ချိုချို"စိန်ရွှေရတနာဆိုင်အား လုယက်မှုကျူးလွန်ရန် ၎င်းတို့နှစ်ဦးသည် လုယက်မှုမကျူးလွန်မီ နှစ်ရက်ခန့်ကြိုတင်၍ စိန်ရွှေရတနာဆိုင်၏ ရောင်းချနေမှုအခြေအနေနှင့် လူဝင်၊ လူထွက် အခြေအနေများကို စောင့်ကြည့်ခဲ့ကာ လုယက်မှုကျူးလွန်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများလုယက်မှုကျူးလွန်ခဲ့သူ တရားခံ အောင်ဇော်ထွန်းနှင့် အောင်မင်းသူ (ခ)မိုးသန်းတို့နှစ်ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အလားတူဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် ဒုစရိုက်သမားများ၏လှုပ်ရှားသွားလာမှုများကို သိရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပေးပို့တိုင်ကြားနိုင်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မကွေးတိုင်းဒေသကြီး မကွေးမြို့၌ "ချိုချို"စိန်ရွှေရတနာဆိုင်မှ ငွေကျပ် ၇၅၄ သိန်းခန့် တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၁၃ ကျပ်သားခန့်ကို သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားနှစ်ဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။
(ဝဲမှယာ)တရားခံအောင်ဇော်ထွန်းနှင့်တရားခံအောင်မင်းသူ(ခ)မိုးသန်း





## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက်ပန်းပွဲတော် ကြိုတင်ပြင်ဆင်ထားမှုနှင့် သုမင်္ဂလာဈေး(ညံ့တောဈေး)တည်ဆောက်နေမှုတို့အား လိုက်လံကြည့်ရှု



**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးနှင့် တာဝန်ရှိသူများလိုက်ပါပြီး အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ကျောင်းသား၊ ကျောင်းသူများ စာစီစာကုံး၊ ကဗျာနှင့် ပန်းချီယှဉ်ပြိုင်နေမှု၊ ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံ့တောဈေး) တည်ဆောက်နေမှုများကို ယနေ့ နံနက်ပိုင်းက လိုက်လံကြည့်ရှုခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်(၁၇)ကြိမ်မြောက် ပန်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အား အမျိုးသားကန်တော်ကြီးဥယျာဉ်မှ တာဝန်ရှိသူက ဥယျာဉ် နှစ်(၁၀၀) ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက်ပန်းပွဲတော်ကို ဒီဇင်ဘာ ၁၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ ကျင်းပသွားရန် ကြိုတင်ပြင်ဆင်နေမှု၊ ပန်းပွဲတော်ကာလတွင် ဆန်းသစ်သည့် မြေယာရှုခင်းပုံစံများ၊ ပြည်တွင်းပြည်ပ ပန်းမျိုးစိတ်မျိုးစုံ၊ ဒေသပန်းမျိုးများပြသမည့် ဇုန် ၁ ဇုန် အပါအဝင် ဇုန် ၈ ဇုန်ပါဝင်ပြီး ရာသီပန်းမျိုးစိတ် ၂၀ မျိုးမှ ၂၅ မျိုး၊ ဒေသပန်းမျိုးစိတ် ၁၅မျိုးမှ ၂၀မျိုးစုစုပေါင်းပန်းအရေအတွက် နှစ်သိန်းကျော် စိုက်ပျိုးပြသသွားရန် စီစဉ်ဆောင်ရွက်ထားမှု၊ ပန်းပွဲတော်ကျင်းပသည့် ကာလအတွင်း ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးရောင်းပွဲတော်၊ ဒေသထွက်ကုန်ပြခန်းများနှင့် ဆိုင်ခန်းများဖြင့် ရောင်းချပေးသည့် အစီအစဉ်များလည်း ထည့်သွင်းဆောင်ရွက်ထားမှုတို့ကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ထင်ရှားသော အထိမ်းအမှတ်ပွဲတော်တစ်ခုဖြစ်လာပြီး ပန်းမန်စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူဖြစ်ပါကြောင်းနှင့် ခရီးသွားဧည့်သည်များ ပိုမိုလာရောက် လည်ပတ်အပန်းဖြေခြင်းဖြင့် ပြင်ဦးလွင်မြို့၏ ခရီးသွားလုပ်ငန်းနှင့် လူမှုစီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်ရာ အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ဥယျာဉ်အတွင်း လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်တော်လေး ရေလှောင်ကန် ရေဝပ်ဧရိယာ အထက်ပိုင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ကန်တော်လေး ရေလှောင်ကန်အတွင်း ရေဝင်ရောက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့်ပန်းချီပြိုင်ပွဲများတွင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၇၀ ဦး ဝင်ရောက်ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၂ အတွင်းရှိ သုမင်္ဂလာဈေး (ညံ့တောဈေး)အား ခေတ်မီအဆင့်မြင့် အာစီရ် ၆ ထပ် ဈေးကြီး တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး ကွင်းဆင်း ကြည့်ရှုကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၄င်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးသို့ သွားရောက်၍ စေတီတော်မြတ်ကြီးအတွင်း အရပ်လေးမျက်နှာရှိ မြတ်စွာဘုရားလေးဆူအား လှည့်လည်ဖူးမြော်ကြည်ညိုပြီး ပရဝဏ်အပြင်ဘက် စေတီတော်မြတ်ကြီးသို့အဝင်လမ်းဘေးဝဲယာတွင် အရိပ်ရသစ်ပင်များစိုက်ပျိုးရှင်သန်နေမှု၊ ပန်းအလှသစ်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို လိုက်လံကြည့်ရှု၍ အစဉ်အမြဲသန့်ရှင်းသပ်ရပ်ရေးနှင့် ဘုရားဖူးများစိတ်ချမ်းမြေ့စွာဖူးမြော်ရေး အလေးထားဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ





သတင်း-စာမျက်နှာ ၁၂















## မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

**မိုင်းခတ် နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မြို့နယ်သစ်တောဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြူငွေ့လျှော့ချရေး၊ လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် သစ်တောသစ်ပင်များမှ ရရှိနိုင်သော အကျိုးကျေးဇူးများ အကြောင်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက မိုင်းကာ(အရှေ့)ကျေးရွာအုပ်စု၊ ပန်နော်လောင်းကျေးရွာ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ခံတောအုပ် ဦးအောင်မိုးထွေးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ စခန်းတာဝန်ခံဦးစိုင်းဇင်ကိုလတ်တို့က မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းရည်ရွယ်ချက်များ အကြောင်း၊ မီးခိုးမြူငွေ့များတွင် ပါဝင်သော လေထုညစ်ညမ်းစေသည့်အရာများ၊ မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်း၍ ဖြစ်ပွားစေနိုင်သော ဆိုးကျိုးများ အကြောင်း၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာရသည့်အချက်များ မီးခိုးမြူငွေ့အမျိုးအစားများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ Fire Hotspot များ၏အကြောင်းအရင်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းကြောင့် ရာသီဥတုကောင်းမွန်လာစေခြင်း အကြောင်းတို့ကို အသိပညာပေး ဟောပြောကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အမှတ်(၂၉)အခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား ကြည့်ရှုအားပေး

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ် (၂၉) အခြေခံပညာအထက်တန်းကျောင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါကျောင်းသို့ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်ပါရှင်းလင်းပြသရာ ကျောင်းဥပမိရှပ်ကောင်းမွန်ရေး၊ ကျောင်းအင်္ဂါရပ်နှင့်အညီ အမြဲသန့်ရှင်းသပ်ရပ်ရေး၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားရေးတို့ကို အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြား၍ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀







## သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး (HVP)နှင့် ဆုံဆို့၊ မေးခိုင်ရောဂါ ကာကွယ်ဆေး (DT) ထိုးနှံပေး

**စဉ့်ကိုင် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊စဉ့်ကိုင်မြို့နယ်၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနသည် အ·မ·က(ရန်နိုင်) ကျောင်း၊ အ·မ·က(မြို့မ)၊ အ·လ·က(ခွဲ)တရုတ်စု၊အ·ထ·က (စဉ့်ကိုင်)ကျောင်းနှင့် မြတ်စေတနာကိုယ်ပိုင်အထက်တန်းကျောင်းများသို့ ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ကာကွယ်ဆေး (DT)နှင့် သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေး(HPV) ထိုးနှံပေးခြင်းကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ဆောင်ရွက်သည်။

ထို့သို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီးဒေါက်တာအေးလွင် ဦးဆောင်၍ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန ဦးရဲမင်း ကြီးကြပ်၍ ဝန်ထမ်းများက အသက် (၉)နှစ်မှ (၁၂)နှစ်အတွင်း ကျောင်းသူ ၁၁၂ ဦးကို သားအိမ်ခေါင်းရောဂါကာကွယ်ဆေး(HVP) အား လည်းကောင်း၊ အသက် (၇)နှစ်အောက် ကျောင်းသား၊ ကျောင်းသူ ၂၃၁ ဦးကို ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေး(DT)အား လည်းကောင်း ထိုးနှံပေးခဲ့ကြောင်းနှင့် မြို့နယ်အတွင်း ထိုးနှံရန်ကျန်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း အလှည့်ကျ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အေးလွင်ထံမှ သိရသည်။

**(အောက်ဝဲပုံ)**

(၃၉၉)



**အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး။**

## ယခုနှစ် စိုက်ပျိုးရာသီတွင် ငရုတ်သီးနှံများ တိုးချဲ့စိုက်ပျိုး

**မင်းဘူး နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်တွင် စိုက်ပျိုးလုပ်ငန်းကို အဓိကထား လုပ်ကိုင်လျက်ရှိရာ စပါး၊ ပဲမျိုးစုံနှင့် နှမ်း၊ နေကြာ၊ ဝါသီးနှံများကို အလှည့်ကျ စိုက်ပျိုးကြပြီး စားဖိုဆောင်သုံးသီးနှံတစ်မျိုးဖြစ်သည့် ငရုတ်သီးကို ယခုနှစ် စိုက်ပျိုးရာသီတွင် ဧက ၂၄၁၁ ဧက လျာထားကာ ၂၈၆၆ ဧကအထိ တိုးချဲ့စိုက်ပျိုးထားကြောင်း မင်းဘူးမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငရုတ်သီးနံ့များကို မေလတွင် ပျိုးထောင်၍ ဇွန်လတွင် စိုက်ပျိုးကြပြီး စက်တင်ဘာလတွင် စတင် ခူးဆွတ်ရောင်းချလျက်ရှိကြသည်။ မျိုးအနေဖြင့် ဖ၉၂၊ ကျောက်စိမ်း၊ ပန်းရဲ၊ ဗီယက်နမ်ငရုတ်မျိုးများကို အများဆုံးစိုက်ပျိုးကြကာ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၇ သိန်းခန့် ကုန်ကျ၍ ပိဿာ ၈၀၀-၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ ယခု ငရုတ်သီးတစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀-၁၃၅၀၀ ဈေး ဖြင့် ရောင်းချရပြီး အဆင်ပြေလျက်ရှိသည်။

“ကျွန်တော်တို့ ယခု အောက်တိုဘာလနှင့် နိုဝင်ဘာလများမှာတော့ ငရုတ်သီးဈေးနှုန်းမှာ အတက်ဈေးဖြင့် ရောင်းဝယ်လျက်ရှိကြပါတယ်။ ဈေးကွက်အနေနဲ့ မကွေးမြို့၊ မင်းဘူးမြို့နှင့် စကုမြို့များရှိ ကုန်စိမ်းဒိုင်များမှာ တင်ပို့ရောင်းချရပြီး ယခုနှစ် ငရုတ်သီးနှံများ အထွက်နည်းကြသော်လည်း ဈေးကောင်းရရှိသောကြောင့် တောင်သူများ အကျိုးအမြတ်များများ ရရှိကြပါတယ်”ဟု မင်းဘူး(စကု)မြို့နယ် ငွေသောင်ကျေးရွာမှ ငရုတ်စိုက်တောင်သူ ကိုမင်းကိုထံက သိရသည်။ **(အောက်ပုံ)**

(၅၀၄)



# ရုပ်ရှင်ကဏ္ဍ

ရွက်နုဝေ

ရုပ်ရှင်ချစ် ပရိသတ်တွေအတွက် ဒီတစ်ပတ်မှာတော့ ပုံမှန် မြန်မာရုပ်ရှင်ကားတွေနဲ့ မတူပဲ ဘောလိဝုဒ်ရုပ်ရှင်တွေကိုမှ ကြိုက်နှစ်သက်သူတွေအတွက် 'မောင့်ဆိုမီယာ' ရုပ်ရှင်ကားကြီးကို ပြသနေပါပြီ။

'မောင့်ဆိုမီယာ' ရုပ်ရှင်ဇာတ်ကားကြီးကို ဇာတ်လမ်း၊ ဇာတ်ညွှန်း-မိုးနီလွင်၊ ဒါရိုက်တာ-ဝင်းလွင်တို့က ရိုက်ကူးပုံဖော်ထားပြီး၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီမြင့်မြတ်၊ အကယ်ဒမီရန်အောင်၊ ဟန်ဇာမိုးဝင်း၊ ဂျူကာ၁၊ Ashwarya Kumar၊ ခရစ္စတီးနား၊ မှူးထိပ်ထား၊ ဆွိအရိုင်း၊ ကေညီ၊ ကောင်းချာန်ဟိန်း၊ ဖွဲ့၊ အောင်ကိုမိုး၊ အင်ကြင်းဖူးတို့က ပါဝင်သရုပ်ဆောင်ထားပြီး အခြားနာမည်ကြီး ဟာသသရုပ်ဆောင်များစွာနဲ့အတူ ဟောလိဝုဒ်ဇာတ်ကား အငွေ့အသက်ရစေမယ့် အချစ်ဇာတ်လမ်းကို ရိုက်ကူးတင်ဆက်ထားပါတယ်။

ဟောလိဝုဒ်ဇာတ်ကားလိုမျိုး သီချင်း၊ အကအလှ ဇာတ်ဝင်ခန်းတွေ မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်ထားပြီး မတူညီတဲ့ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ပေါင်းစပ်ထားတဲ့ အချစ်ဇာတ်လမ်းလေးဖြစ်တာကြောင့် ရုံမတင်ခင် Trailer နဲ့တင် ပရိသတ် အားပေးမှုများစွာကို ရရှိခဲ့ပါတယ်။

'မောင့်ဆိုမီယာ'ရုပ်ရှင်ဇာတ်ကားကြီးကို ကြည့်ရှုရချင်ရင်တော့ မန္တလေးမြို့မှာဆိုရင်တော့ Win Light Cinema, Mingalar Masoeyein Complex, Mingalar Cinema Central Point, Mingalar Cinema Yama(Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။



## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး Talk Show ကျင်းပ

**နတ်မောက် နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ လူထုအခြေပြုဗဟိုဌာန (Community Centre)ဘက်စုံသုံးခန်းမ၌ ယမန်နေ့ နေ့လယ်ပိုင်းက ကလေးများအပါအဝင် လူသားတိုင်း ဖွံ့ဖြိုးမှုကောင်းမွန်သော ပညာရေးနှင့် သင့်လျော်သော နေရာထိုင်ခင်းရရှိမှု အခွင့်အရေးရရှိစေရန်နှင့် လေးစားစွာ ဆက်ဆံခံရမှုရှိစေရန် ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး Talk Show ကျင်းပခဲ့သည်။



အဆိုပါအသိပညာပေး Talk Show တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ဆွေးနွေးပြောကြားရာတွင် ကမ္ဘာ့နိုင်ငံအများအပြားတွင် ကလေးအလုပ်သမားများကို အလုပ်ခိုင်းစေနေကြဆဲဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေးအလုပ်သမားများကို ပိုမိုတွေ့မြင်ရပါကြောင်း၊ ကလေးအလုပ်သမားပုံစံအများစုတွင် စိုက်ပျိုးရေး၊ မိုင်းတူးဖော်ရေး၊ ထုတ်လုပ်ရေး၊ အိမ်အကူအလုပ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ပါကြောင်း၊ ကလေးသူငယ်များသည် အများအားဖြင့် အခကြေးငွေ အနည်းငယ်(သို့) အခကြေးငွေ မရရှိဘဲ အန္တရာယ်ရှိသောအခြေအနေတွင် လုပ်ကိုင်လျက်ရှိပါကြောင်း၊ မိသားစုအတွင်း ကလေးများပြားခြင်းနှင့် မိမစုံ၊ ဖမစုံဖြစ်မှု၊ လူကြီးလုပ်သား ရှားပါးခြင်းနှင့် လုပ်အားခသက်သာမှု၊ ဒေသတွင်း ပဋိပက္ခဖြစ်မှု၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုနှင့် ပတ်ဝန်းကျင်၏ စည်းရုံးလှုံ့ဆော်မှုများကြောင့် ကလေးအလုပ်သမား ဖြစ်ပေါ်လာခြင်းဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ဒေါ်သန္တာအောင် (လူမှုဝန်ထမ်းဦးစီးဌာန)က ကလေးအလုပ်သမားများ၏ အသက်အရွယ်၊ အလုပ်ချိန်နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉ ခုနှစ်) ဥပဒေပုဒ်မ ၁၀၃ တို့အား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မူမူစန်း**



## ပလင်္ဂါးတန်ပွဲ့ ပြိုးရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ်၊ ဒိုးနွယ်အုပ်စု အ·ထ·က·(ခွဲ)ရွာသစ်တွင် ကျင်းပသည်။

ဟောပြောပွဲတွင် ဒက္ခိဏခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာကြည့်တိုက်များတွင် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိလာစေရေး၊ စာအုပ်စာပေများ လေ့လာဖတ်ရှုပြီး ဗဟုသုတများရရှိရေး၊ ဗလင်္ဂါးတန်နှင့်ပြည့်စုံပြီး ဘက်စုံထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များ ဖြစ်လာစေရေးနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားမှူး ဒေါ်ဝင်းသီရိလှိုင်က ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွန်းလာစေရေး၊ အားကစားနည်းစနစ်များ၊ အားကစားနှင့်ပတ်သက်သည့် အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး ဉာဏ်စမ်းအမေးအဖြေကဏ္ဍတွင် ဆုရရှိသော ကျောင်းသူ၊ ကျောင်းသားများကို ဗလာစာအုပ်များ ဆုချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက အားကစားပစ္စည်းများကိုပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးမှ လက်ခံရယူသည်။

အခမ်းအနားအပြီးတွင် နံရံကပ်စာစောင်များနှင့် လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**




(၂၇)နှစ်မြောက် မန္တလေးနေ့စဉ်သတင်းစာ နှစ်ပတ်လည်နေ့အား ဂုဏ်ပြုပါသည်။

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## နှစ်ဆယ့်ခုနစ်နှစ်ရှည်ကြာ မန္တလေးနေ့စဉ်သတင်းစာ

\- မန်းစည်ပင် ဦးဆောင်မှုရယ်နဲ့
ထုတ်ဝေပြု သတင်းစာ။
မြန်မာပြည် မြို့တစ်ဝန်း
တင့်ထွန်းဝေဆာ။

\- မန္တလေးမြို့ ဂုဏ်ဆောင်ရာ
မီဒီယာ တစ်ခေတ်ဆန်း။
တက်နေအသွင် ရောင်စဉ်ခင်းသလို
ဝင်းပခြုံလွှမ်း။

\- ဖြန့်ချိမှုရယ် မပြတ်တမ်း
ကျိုးဆောင်လှမ်း စွမ်းအားချီ။
မြို့နယ်အစုံ သတင်းများ
ရေးသားညွှန်းသည်။
ကြော်ငြာတို့ ဝေဝေစည်
ရစေမည် အကျိုးစီးပွား။
ဆောင်းပါးနှင့်ကဗျာ ဖော်ပြမှုရယ်
ဂုဏ်စုဝင့်ကြွား။

\- ဝန်ထမ်းတို့၏ ဝန်ဆောင်အားရယ်က
မနေနား ထမ်းရွက်အစဉ်။
စိတ်ညီတူ ကမ်းလက်ဆက်
ထက်မြက်ဉာဏ်အင်။
ပေါင်းစည်းအားဖြင့် ပြိုးပျော်ရွှင်
ရှင်းသန့်စင် မေတ္တာလျှမ်း။
နှစ်ဆယ့်ခုနစ် နှစ်လည်ဆက်ပါလို့
သက်ရောက်တည်မြန်း။

\- သတင်းစာစောင် ခေတ်ရှည်လှမ်းပါလို့
ကောင်းခြင်းလွှမ်း နေ့စဉ်လ။
သတင်းစာတိုက် ကျိုးဆောင်မှု
ဂုဏ်ပြုပါပေ။
နှစ်ရှည်ဆက်လို့ ထုတ်ဝေနေ
တောက်ပစေ တောင်းဆုပွား။
သတင်းစာစောင် ဂုဏ်ရည်အစစ် ကိုပ
ဆစ်ထုမော်ကြွား။ ။

(၃၀-၁၁-၂၀၂၄ ရက်တွင် ကျရောက်သော 'မန္တလေးနေ့စဉ်သတင်းစာ' (၂၇)နှစ်မြောက် နှစ်ပတ်လည်နေ့အား ဂုဏ်ပြုရေးဖွဲ့ပါသည်)

**မင်းမြတ်မိုး(မန်းမြေ)**

## သတင်းပဒေသာ

### နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊မိုင်းရှူးမြို့နယ်တွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လျှော့နည်းစေရေး၊ ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ဝမ်ဆော့ကျေးရွာအုပ်စု၊ ဝမ်ဆော့ကျေးရွာခန်းမ၌ကျင်းပရာ သစ်တောဦးစီးဌာန၊ တောအုပ်ကြီး ဦးဇော်မင်းအောင်နှင့် တောအုပ် ဦးအောင်ထွန်းလင်းတို့က နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဟောပြောပြီး ကျေးရွာမိဘပြည်သူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့သည်။ အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကျေးရွာနေမိဘပြည်သူ ၅၁ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရန်၊ ဘက်စုံထူးချွန်သော လူရည်ချွန်၊လူတော်လူကောင်းများဖြစ်လာစေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ကြွယ်ဝစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက ပင်စုံကျေးရွာအုပ်စု၊ ထီတမောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်များထောက်ပံ့

ရှမ်းပြည်နယ်(တောင်ပိုင်း)၊လင်းခေးခရိုင်၊မောက်မယ်မြို့နယ်၌ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါကုန်းလမ်းရပ်ကွက်ရှိ ဦးလုံးရွှေး၏ နွားမွေးမြူရေးခြံတွင် ကျင်းပခဲ့သည်။

ထိုသို့ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်များ ထောက်ပံ့ပေးအပ်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အစီအစဉ်များဖြင့် နွားထီး သုံးကောင်၊ နွားမ လေးကောင်၊ စုစုပေါင်း ခုနစ်ကောင်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းဌေးတို့က ဦးစိုင်းမေထာထံသို့ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်ရေးရာ အသိပညာပေး ဟောပြော

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းကျေးရွာအုပ်စု၊ ကျွဲရှင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းဝင်းအတွင်းကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးထိုက်က အမှာစကားပြောကြားသည်။ ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်က စာဖတ်ခြင်းအလေ့အထများ ရရှိလာစေရန်အတွက် 'စာအုပ်စာပေ လူ့မိတ်ဆွေ' ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆွမ်းအလှူငွေ လှူဒါန်း



**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က အလှူရှင် မန္တလေး၊ ၂၂လမ်း၊ ၈၉လမ်းနှင့်လမ်း ၉၀ကြားနေ ဦးကျော်စွာလင်း+ဒေါက်တာဆုဝေအောင်၊ (သမီး) မရွှေရတီလင်း (၂)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် ဆွမ်းအလှူငွေကျပ်လေးသိန်းကို လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

အလှူရှင်များလှူဒါန်းလိုပါက ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ကဆ)**

## အဝေးပြေးယာဉ်ရပ်နားစခန်းအား သွားရောက်ကြည့်ရှုစစ်ဆေး

**အောင်လံ နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်အဖွဲ့အင်ဂျင်နီယာများက အဝေးပြေးယာဉ်ရပ်နားစခန်းသို့ နိုဝင်ဘာ ၂၅ရက်က သွားရောက်ကြည့်ရှုခဲ့သည်။

ထို့နောက် အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့်အင်ဂျင်နီယာများက အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း ကျေးလက်မော်တော်ယာဉ်များ၊ Express ဂိတ်များ၊ ကားလေးဂိတ်များ၊ ကုန်စည်ဂိတ်များ၊ မော်တော်ယာဉ်ရပ်နားမည့်နေရာများ၊ အများသုံး သန့်စင်ခန်းနှင့် ရေချိုးခန်းများ၊ ပန်းအလှခုံများ ဆောင်ရွက်ပြီးစီးမှုအား ကြီးကြပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**





## ရာသက်ပန် ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၃၀**

နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော သင်တန်းသား၊ သံဃာတော်များ၊ကထိကဆရာတော်များအား အရဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး ဦးအောင်ဇေ+ဒေါ်သိန်းသိန်း၊(သမီး)ဒေါ်မှုမှုအောင်တို့အား ရည်စူး၍ ဦးကျော်ကျော်+မသီတာ၊ (သမီး) မရတီမှူးကျော် မိသားစု မန္တလေးမြို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီးငွေကျပ် ၁၀သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၁၀ သိန်း၊ပေါင်းငွေကျပ် သိန်း ၂၀ ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၃၆)**

## (၉၇)ကြိမ်မြောက် သွေးလှူဒါန်း

**မန္တလေး နိုဝင်ဘာ ၃၀**

စိန်ညီအစ်ကို သွေးလှူရှင်ငါးဦးအဖွဲ့မှ ဦးသိန်းနိုင်(လူမှုထူးချွန်တတိယဆင့်)သည် နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် အမျိုးသားသွေးလှူဘဏ်တွင် (၉၇)ကြိမ်မြောက်အဖြစ် ဇီဝိတဒါနသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ယာပုံ) (၀၄၁)**



## မွေးနေ့အလှူအဖြစ် ဒေသခံပြည်သူများကို အာဟာရဒါန စတုဒိသာကျွေးမွေးလှူဒါန်း

**ညောင်ဦး နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးဒေသရှိ ပြည်သူများကို အာဟာရဒါန စတုဒိသာကျွေးမွေးလှူဒါန်းခြင်းကို နိုဝင်ဘာ ၂၇ ရက်က ပုဂံမြို့ဟောင်းရှိ မနုဟာဘုရားကြီးရင်ပြင်တော်၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးမြို့မှ အလှူရှင် ဒေါ်ယင်းမာဝင့်(ရွှေစင်မိုး စိန်ရွှေရတနာရောင်းဝယ်ရေး) မိသားစုက ပုဂံမြို့၊ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရအား ဖူးမြော်ကြည်ညိုပြီး ငါးပါးသီလခံယူဆောက်တည်ကာ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတန်းများ ပေးဝေခဲ့ကြသည်။ ထို့နောက် အလှူရှင်မိသားစုများက မနုဟာဘုရားကြီးအား ဦးခိုက်ဖူးမြော် ကြည်ညို၍ အလှူငွေနှင့် ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်မိသားစုက ပုဂံမြို့၊ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရအား အမှူးပြု၍ မနုဟာဘုရားကြီးရင်ပြင်တော်ပေါ်၌ ပုဂံညောင်ဦးဒေသရှိ ဒေသခံပြည်သူများကို မွေးနေ့အလှူအဖြစ် အာဟာရဒါနကြာဆံဟင်းခါးများ စတုဒိသာကျွေးမွေးလှူဒါန်း၍ ရွှေမိုး၊ငွေမိုးများ ရွာသွန်းဖြိုးကာ နိုင်ငံသူ၊နိုင်ငံသားများ ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေရန်အလို့ငှာ ဆုတောင်းမေတ္တာများ ပို့သပေးခဲ့ကြသည်။



အဆိုပါစတုဒိသာကျွေးမွေးလှူဒါန်းပွဲကို ဒေသခံပြည်သူ ၂၀၀၀ ဦးခန့် လာရောက်ခဲ့ကြောင်းနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ) (၄၄၅)**

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ က္က ရာဇ် များ (၉၈)

သွယ်အောင်

'အစိမ်းရောင်သင်္ကေတများ' ကဗျာရှည် အပိုင်း(၄)အထိရေးအပြီး ကျန်အပိုင်းများကို ဆက်ရေးဖွဲ့ဖြစ်သည်။ အပိုင်း(၁၀)ပိုင်း ဖြစ်သည်။

(၅)

* မှတ်မိသေးရဲ့
နှင်းငွေ့ဝေဝေ
မြူတွေဆိုင်းဆိုင်း
တောင်တန်းတွေပိုင်းနေတဲ့
မင်းရဲ့စာသင်ကျောင်းကလေး
တောလမ်းကလေးရဲ့ဘေးမှာ
မင်းနဲ့ဆွေးနွေးခဲ့စဉ်က
တို့မြို့လေးရဲ့ အနာဂတ်
ကျမ်းစာအုပ် တစ်အုပ်လို
ဖတ်ရှုကြည့်ဖြစ်တယ်။

* အဲဒီမှာ…
မိုးမမြင်
လေမမြင်
ဘဝကောင်းကင်ကို
ရင်ဆိုင်ရှက်လွှင့်ကြည့်မယ်လေ။

* လာလေကွယ်
ဘာကိုကြောက်နေရမှာလည်း
ပင်လယ်ရှိရင် ပင်လယ်ဖြတ်
တောင်တန်းတွေရှိရင်
တောင်တန်းတွေကျော်
တောအုပ်ရှိရင် တောအုပ်ကိုဝင်
ဘာမဆို ရင်ဆိုင်ကြမယ်လေ။

* အဲဒီမှာ…
ကျေးလက်ကျောင်းဆရာမလေးရဲ့
မင်းသာ
ငါ့အနားက
ပါလာခဲ့မယ်ဆိုရင်
ဘာကိုမှမမှု
အားလုံးကို အန်တုရဲတယ်။

* ရဲရဲလျှောက်စမ်း
ဆူးခင်းလမ်းဖြတ်သန်းပြီးရင်
ပန်းမွေ့ရာ ရွှေကော်ဇော
မမောဘဲတွေ့ရမယ်။

* မီးညွန့် မီးလျှံကို
ဖြတ်နင်းပြီးရင်
ရေခဲပန်းနုကျောက်သား
လျှောက်သွားရမယ်ပေါ့။

* ဒါ…
လောကရဲ့နိယာမပဲ
ငါ့အသည်းကရဲပါတယ်။

* နောက်ဆုံးတော့လည်း
မျှော်လင့်ချက်
အနာဂတ်ဇယားကွက်
ချေဖျက်ခဲ့တာ
ဒီကောင် ကိုယ်တိုင်ပဲ
ဖြစ်နေရော့သလား။

(၆)

* အို…ချစ်သူငဲ့
ကြေကြေကွဲကွဲ
လွမ်းလွမ်းဆွတ်ဆွတ်
ငါ့ ဦးခေါင်းတို့
ညွှတ်ခဲ့ရပြီ။

* ဟောဒီ မြေကြီး
ဖက်တွယ်ပြီး
ကောင်းကင်ကိုချစ်ခဲ့သူ
ဒီကောင်
နလန်ထူနိုင်ပါဦးမလား။

* ဟို အရင်တစ်ခါ
မင်းဟာ …
ခေါင်းလောင်းသံလိုချိုမြ
နှင်းဆီလိုလှပ
ဂိုယာရေမွှေးလို မွှေးမြ။

* အခုအခါမှာတော့
မင်းဟာ …
မှန်ကွဲလိုထိရှ
အဆိပ်ခွက်လိုခါးသပ။

* အိုကွယ် …
အိပ်မက်မှန်တိုင်း
မြင်းရိုင်းတွေ မလာပါနဲ့လား
ငါ…
တားလို့ရရင်
တားလိုက်ချင်စမ်းရဲ့။

* နံနက်တစ်ခုလင်းရင်
ပြတင်းတံခါး တစ်ချပ်
ဖြတ်ကနဲ ပွင့်မယ်
နောက် …
မင်းအသံတွေ ဝင်လာမယ်။

* ဒီအခါ
ရုရှားကဗျာဆရာ
ယက်စ်တူရှင်ကိုရဲ့ကဗျာ
(My Birthday)ဟာ
ငါ့နှလုံးအိမ်ကို လာခေါက်
'ကြောက်စိတ်ကင်းခြင်းဆိုတဲ့
သူ့ရဲ့ အရည်အချင်း
အမေ့သား
ပြတင်းတွေကို ဖွင့်ပေးပါ
သစ်ရွက်တွေဝေတဲ့ကြား
အသံတွေဝင်ခဲ့ပါစေ …'

* မွေးနေ့
နောက်ဆုံးနေ့
ငါတို့တွေ့ကြရဦးမယ်။

* အဲဒီ ကာလကြားမှာ
ငါ…
လွတ်လပ်မြင့်မြတ်
အချစ်ဓာတ်နဲ့
ပေးဆပ်စွာ ရင်ခုန်ချင်သေးတယ်။
(သေခြင်းတရားကို
ငြင်းဆန်တာမဟုတ်)

(၇)

* အို -----အမေ
အစိမ်းရောင်ရဲ့ရသ
သားခံစားနေရပြီ။

* မုန်းမေ့လိုက်ပါတော့ဆိုတဲ့
အပြင်းစား အရောင်စိမ်းစိမ်း
ထူပိန်းပိန်း
ရာဇဝင်ကို လိမ်းခြယ်လိုက်တော့
ဘယ်လိုငြိမ်းအေးနိုင်တော့မှာလဲ။

* ထားပါတော့
မင်းမုန်းတာ
ငါမကြောက်ပါဘူး
ချစ်ခဲ့ဖူးတဲ့
အချစ်ဦးရေ
မင်းဖတ်ဖို့ပေးတဲ့
ကဗျာနဲ့ စာအုပ်များ
ဘဝစာမျက်နှာ
အလှအပတို့မလိုပြီ
နှင်းဆီတင်ရထား
အသံအက်သွားတဲ့
ခေါင်းလောင်းကလေး
အိုယန်ဟိုင်ရဲ့တေးသံ
ယောနသံဇင်ယော်
မင်းနှလုံးသားမှာ
လွင့်ပျံလို့နေပါစေ…။

* တကယ်တော့
မင်းဟာ အရိုင်းအစိုင်း
အဘိဓမ္မာကို ကျောခိုင်းချင်သူပဲ။

* အရက်စက်ဆုံး မီးလှိုင်း
မုန်တိုင်းရဲ့တေးသံ
ဘယ်လောက်အထိ
နာခံရဦးမှာလဲ။

* ဩော်… စိန်ခေါ်မှုတွေ
စိန်ခေါ်မှုတွေ
လမ်းဘေးက မိဘမဲ့ကလေးငယ်ရဲ့
ထမင်းနပ်မမှန်တဲ့နေ့ရက်တွေကလည်း
ကလေးငယ်ရဲ့ စိန်ခေါ်မှုပဲ
ဩဇာကြီးမား
ချမ်းသာသူရဲ့
သက္ကရာဇ်ပိုင်ဆိုင်မှုကလည်း
ချမ်းသာသူရဲ့စိန်ခေါ်မှုပဲ။

* အဲ… ငါကတော့
မင်းရဲ့မျက်နှာ ကဗျာဖြစ်လည်း
ကာရန်ရှာမတွေ့
ကမ္ဘာကုန်ကျယ်သရွေ့ပါပဲ။

* ငါ့အသည်းက
ရောင့်ရဲပါတယ်
ပန်းပွင့်ကိုသီကုံး
ဓားသံလျက်လို မသုံးချင်စမ်းပါနဲ့။

* ငရဲမီးကိုဆော့ကစား
ဝိုင်ချိုတစ်ခွက်နဲ့ မမှားစေနဲ့
တစ်ချိန်ချိန်မှာတော့
မင်းရဲ့အရိပ်
မင်းပြန်ထိပ်လန့်မှာ
ငါပူပန်မိတယ်။

* ဘာပဲဖြစ်ဖြစ်
အချစ်ရဲ့ မြစ်ဖျားခံမှုမှာ
လှပတဲ့ အယူအဆတစ်ခု
ရခဲ့ရင် မြတ်ပါတယ်။

* ငါကတော့
မြစ်တစ်မြစ်မှာ
ရေနှစ်ခါချိုးခဲ့။

* နေ့ခင်းကြောင်တောင်မှာ
အလင်းရောင်ရှာဖွေခဲ့။

* သစ်ပင်ရိပ်မှာ
သစ်သီးကြွေကို ကောက်စားခဲ့။

* ခါးသီးတဲ့ အဆိပ်ခွက်ကို
မော့သောက်ခဲ့
အမှန်တရား(ဆော့ခရတ္တိနဲ့ ပလေတို)
မြတ်နိုးလေးစားခဲ့။

* အဲဒီလိုနဲ့
ငါ့ရဲ့ ဒိုင်ယာရီစာမျက်နှာပေါ်
မွေးနေ့ပွဲတော်တွေ
ကျင်းပနိုင်ခဲ့တယ်။





## ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ကျေးရွာအရောက် အခမဲ့ကွင်းဆင်းကုသ

**ကံမ နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီစေရန်နှင့် လူနာများ စိုက်ထုတ်ရသော ကုန်ကျမှုလျော့ကျစေရေးအတွက် သရက်ခရိုင်၊ ကံမမြို့နယ်၌ ရေနံ့သာတိုက်နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်နှင့် ကျန်းမာရေး ဆရာ၊ ဆရာမများက အခမဲ့ကွင်းဆင်းကုသခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျောက်စောင်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဆောင်ရွက်ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းဌေးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်း၊ အမြင်အာရုံများ စစ်ဆေးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေး၍ လိုအပ်သည့် ကုသမှုများအား ဆရာဝန်ကြီး ဒေါက်တာငြိမ်းငြိမ်းအိနှင့် ကျန်းမာရေး ဆရာ၊ဆရာမများက အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခဲ့ကြကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

## ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ၄၂၅၃ ဧကထိ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၄၂၅၃ ဧကအထိ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်းနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာစိုက်ဧက ၁၂၈၀၅ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧက ပြည့်မီစေရန် ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ နေကြာသီးနှံ ၄၂၅၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်သည်။

"ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပြည်တွင်းဆီစားသုံးမှု ဖူလုံစေရန်နှင့် တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေရန် ရည်ရွယ်ပြီး နေကြာသီးနှံ ၁၂၈၀၅ ဧက စိုက်ပျိုးဖို့ လျာထားတယ်။ ယနေ့အထိ ၄၂၅၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်တယ်။ နေကြာသီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အထွက်နှုန်းများ တိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်စေရေးအတွက် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးတယ်။ ဒေသခံတောင်သူတွေက နေကြာသီးနှံကို သီးသန့်စိုက်ပျိုးကြသလို နှစ်သီးစားဝင်ငွေတိုးပွားစေရန် အခြားသီးနှံများနှင့်ရောနှောကာ သီးညှပ်စိုက်ပျိုးကြတယ်။ စိုက်ပျိုးရေ အဆင်ပြေတဲ့အတွက် နေကြာသီးနှံ စိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။



ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဆီထွက် သီးနှံနေကြာစိုက်ပျိုးရေး လုပ်ငန်းအား စိုက်ပျိုးစရိတ်အကုန်အကျသက်သာပြီး သီးနှံဝင်ငွေ ပိုမိုရရှိသည့်အတွက် (နွေ၊မိုး၊ ဆောင်း)တစ်နှစ်ပတ်လုံး အားထား စိုက်ပျိုးလုပ်ကိုင်ကြသည်။ ယခုနှစ် ဆောင်းရာသီတွင် စိုက်ပျိုးရေး ဦးစီးဌာနက ဆီထွက်သီးနှံ နေကြာစိုက်ပျိုးတောင်သူများကို သီးနှံအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးကောင်းသော သီးနှံများ ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်များ မှန်ကန်ရေးနှင့် သွင်းအားစုပစ္စည်းများ စနစ်တကျ သုံးစွဲတတ်စေရေး အသိပညာပေးခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာများကို တောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၄၄၅)

သစ်တော သစ်ပင်
ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး။



## မြေအောက်အဝီစိရေဖြင့် အာဆီယံသပြေနှင့် ပတ္တမြားသပြေ စိုက်ပျိုး

**မကွေး နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင်းရှိ ကျေးရွာများ၌ မြေအောက်အဝီစိရေဖြင့် အာဆီယံသပြေ၊ ပတ္တမြားသပြေ တို့ကို စိုက်ပျိုးခြင်းဖြင့် ဝင်ငွေရရှိနေကြသည်။ သပြေပန်းကို စိုက်ပျိုးရာတွင် ပျိုးပင်ကို ပျိုးခြံမှ ဝယ်ယူကာ တစ်ပင်နှင့်တစ်ပင် ငါးပေခြား စိုက်ပျိုးရပြီး ပန်းပင်သုံးနှစ်သားအရွယ်၌ စတင် ဆွတ်ခူးနိုင်ကြောင်း၊ သုံးရက်တစ်ကြိမ်အညွန့်အား ရောင်းချနိုင်ကြောင်း ဒေသခံတောင်သူထံမှ သိရသည်။

မိုးရာသီမှာ မိုးရေရရှိ၍ အဝီစိရေအနည်းငယ်သွင်းရသော်လည်း ဆောင်းနှင့်နွေရာသီမှာ ရေသွင်းရပြီး ကုန်ကျစရိတ်ရှိကြောင်း၊သို့သော် သပြေကနေ ဝင်ငွေရရှိသည်။ ပန်းဈေးကွက်တွင် အာဆီယံသပြေ တစ်စည်းလျှင် ငွေကျပ် ၇၀၀ မှ ငွေကျပ် ၁၀၀၀၊ ပတ္တမြားသပြေ တစ်စည်းလျှင် ငွေကျပ် ၁၅၀၀ ရောင်းရပြီး အရောင်းအဝယ် ပုံမှန်ရှိသဖြင့် ပန်းစိုက်ပျိုးရာတွင် အဆင်ပြေကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၄၇၂)

## ကွမ်းရွက်ဈေးရသဖြင့် ကွမ်းစိုက်သူများ အဆင်ပြေလျက်ရှိ

**ကျောက်ဆည် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့တွင် ကွမ်းရွက်တစ်ပိဿာ ငွေကျပ် ၂၀၀၀၀ နီးပါး ရောင်းချရသဖြင့် ကွမ်းစိုက်တောင်သူများသည် အဆင်ပြေလျက်ရှိကြောင်း ကျားကာကျေးရွာမှ ကွမ်းစိုက်တောင်သူ ဦးသင်းကိုက ပြောသည်။

ကွမ်းစိုက်ပျိုးခြင်းများနှင့် ပတ်သက်၍ ကွမ်းစိုက်ပျိုးခြင်းသည် အခြားသီးနှံများထက် ကုန်ကျစရိတ်ပို၍များကြောင်းနှင့် ကွမ်းသီးပင်များ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် ရေလိုအပ်ချိန်ရေတင်ခြင်း၊ နေရောင်ခြည်တိုက်ရိုက်ကျရောက်မှုမှ ကာကွယ်ရန်အတွက် အမိုး၊ အကာများ ပြုလုပ်ပေးရ၍ အလင်းရောင်နှင့် လေဝင်၊ လေထွက်ကောင်းမွန်စေရန်အတွက် လေကာများအား လိုအပ်သလို လုပ်ပေးခြင်း၊ နွယ်ပင်ဖြစ်သောကြောင့် ကွမ်းရွက်ပင်စည်နှင့် ကွမ်းအညွန့်များအား ဝါးတိုင်များနှင့်တွဲ၍ ချည်ပေးခြင်း၊ အပင်ဖြစ်ထွန်းမှု အားကောင်းစေရန်အတွက် ကွမ်းပင်အခြေများအား မြေအသစ်ဖို့ခြင်း၊ အစိုဓာတ်မပြတ်ရေသွင်းခြင်း စသည့် လုပ်ငန်းများကို နေ့စဉ်ကြည့်ရှုပြီး လိုအပ်သည့် လုပ်ငန်းပိုင်းများ လုပ်ဆောင်ပေးရပြီး ပိုးမွှားများကျရောက်မှုများမရှိစေရေး ကြိုတင်ကာကွယ်ရေးများ အမြဲပြုလုပ်ပေးရကာ ဂရုစိုက်မှုနည်းပါးပြီး ပိုးမွှားကျရောက်ပါက အပင်အသေအပျောက်များကာ ကွမ်းခြံပျက်စီးသည် အထိ နစ်နာဆုံးရှုံးနိုင်ကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

ကျောက်ဆည်မြို့နယ်တွင် ကွမ်းနုဝါမျိုးများကို အဓိကထားပြီး ဝါးများ၊ ငှက်ပျောရွက်အခြောက်များ၊ အုန်းလက်အခြောက်များကို အသုံးပြု၍ ငြမ်းစင်များဖြင့် အမိုးအကာများ ပြုလုပ်ကာ စိုက်ပျိုးကြပြီး ငါးလုံးကုန်း၊ ပုထိုးတိုင်၊ အနောက်ငယ်တိုးမှိုင်းပန်၊ သံရွာ၊ ညွှန့်ပင်၊ အေးရွာ၊ အရှေ့သပြေသာ၊ မြောင်းဦး၊ ပွတ္တိုင်၊ ကုလရွာ၊ ကျားကာ၊ ဈေးရွာ၊ ရဲကြီး၊ ကိုးပင်ကျေးရွာများတွင် အများဆုံး စိုက်ပျိုးကြကြောင်း၊ မိုးလယ်၊ မိုးနှောင်းရာသီများတွင် ကွမ်းရွက် အထွက်နှုန်းကောင်းပြီး နွေရာသီနှင့် ဆောင်းရာသီများတွင် ကွမ်းရွက်အထွက်နှုန်း လျော့နည်းကြောင်း၊ ကွမ်းရွက်ဈေးသည် ရာသီအလိုက် အမျိုးမျိုးပြောင်းလဲနေသော်လည်း ယခုအခါ ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ နီးပါး ရောင်းချရသဖြင့် ကွမ်းစိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)



## မိုးစပါး YSR-1 မျိုးစေ့ထုတ်စံပြကွက် ရိတ်သိမ်းပွဲ ကျင်းပ

**နတ်မောက် နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မိုးစပါး YSR-1 မျိုးစေ့ထုတ် စံပြကွက် ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ပ-လက္ကျပွင့်ကျေးရွာအုပ်စု၊စာရံအိုင့်ကျေးရွာ တောင်သူ ဒေါ်ကြည်ကောင်း ကွင်းအမှတ်(၈၃၆)၊ ဦးပိုင်အမှတ်(၁၂၂)၊ (၀ ဒသမ ၁၀)ဧက YSR-1 မိုးစပါးကွင်းတွင် ကျင်းပသည်။

နတ်မောက်မြို့နယ်၌ ၂၀၂၄-၂၀၂၅ မိုးစပါးရာသီတွင် ကျောက်တံခါးတမံဆည်ရေကို အသုံးပြုကာ YSR-1 စပါးမျိုးသစ် ၁၃ ဧက စတင်စိုက်ပျိုးလျက်ရှိရာ ဒေသခံတောင်သူများ ဝမ်းစာဖူလုံရေးအတွက် စပါးကို သက်တမ်းတိုပြီး အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးသစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဝင်ငွေများတိုးပွားလာစေရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုအရည်အသွေးကောင်းမွန်ကာ ပြည်ပဈေးကွက်များသို့ တိုးချဲ့လာနိုင်စေရေးအတွက် စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိက ဆွေးနွေးရှင်းလင်းပြောကြားသည်။

အဆိုပါ မိုးစပါး YSR-1 မျိုးစေ့ထုတ်စံပြကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး မိုးစပါး YSR-1 မျိုးစေ့ထုတ်စံပြကွက် ၀ ဒသမ ၁၀ ဧကကို ရိတ်သိမ်းခဲ့ရာ အစိုတင်း ၁၄၀ ထွက်ရှိကြောင်း သိရသည်။

(အောက်ပုံ)(၄၆၅)



# မန္တလေးမြို့နေ ဒေါက်တာစိုးနိုင်မြင့်(ခ)M-Farhad Amirat (၉/ခအဇ(နိုင်)၀၁၅၆၂၀)နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၈၂လမ်းနှင့် ၈၃လမ်းကြား၊ အမှတ်(၂၁၆-က)နေ ဒေါ်သံယောဇဉ်(ခ)Abedah-Bi (၉/ခအဇ(နိုင်)၀၁၄၉၉၃)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါက်တာစိုးနိုင်မြင့်(ခ)M-Farhad Amirat နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သံယောဇဉ်(ခ)Abedah-Bi နှင့် ဒေါက်တာစိုးနိုင်မြင့်(ခ)M-Farhad Amirat တို့သည် (၆-၅-၂၀၁၁)ရက်တွင် အစ္စလာမ့်တရားတော်နှင့်အညီ နှစ်ဖက်မိဘဆွေမျိုး အသိုင်းအဝိုင်းတို့၏ ရှေ့မှောက်၌ နေကာရ်မင်္ဂလာပြုလုပ်ခဲ့ပြီး အတူတကွ ပေါင်းဖက်နေထိုင်ခဲ့ကြပြီးနောက် သား (၂)ဦးနှင့် သမီး (၁)ဦးတို့ ထွန်းကားခဲ့ပါသည်။ ထိုသို့ ပေါင်းသင်းနေထိုင်လာရင်း ဒေါက်တာစိုးနိုင်မြင့်(ခ)M-Farhad Amirat မှာ ဖခင်ဝတ္တရား၊ လင့်ဝတ္တရားများကို မကျေပွန်သည့်အပြင် တစ်ရပ်ကွက်တည်း နေထိုင်သည့် အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ရေးဖောက်ပြန်ကာ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်ရှိ Hotel တစ်ခုတွင် အတူတကွ တစ်ခန်းတည်း တည်းခိုနေသည်ကို ကျွန်ုပ်၏မိတ်ဆွေမှ သက်သေများနှင့်အတူ မျက်မြင်တွေ့ရှိခဲ့ရသည့်အပြင် အဆိုပါ အဖြစ်အပျက်အားလုံးကို ရိုက်ကူးထားသည့် မှတ်တမ်းလည်း ကျွန်ုပ်မိတ်ဆွေ၏ လက်ဝယ်တွင်ရှိပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သံယောဇဉ်(ခ)Abedah-Bi မှ ဒေါက်တာစိုးနိုင်မြင့်(ခ)M-Farhad Amirat နှင့်အတူ တည်းခိုနေထိုင်ခဲ့သူ အမျိုးသမီးတို့အပေါ် တာမွေမြို့မရဲစခန်းတွင် (ပ-၃၂၇/၂၀၂၄)ဖြင့် အမှုဖွင့်တိုင်တန်းခဲ့ပါသည်။ အဆိုပါအမှုအား ပိတ်သိမ်းပေးစေရန် ဦးစိုးနိုင်မြင့်နှင့် ၎င်း၏ ဆွေမျိုးညီအစ်ကိုမောင်နှမများမှ ဝိုင်းဝန်းတောင်းပန်ခဲ့ကြသောကြောင့်လည်းကောင်း၊ ဒေါက်တာစိုးနိုင်မြင့်ကိုယ်တိုင်မှလည်း ဝန်ခံကတိပြုချက်ဖြင့် အကြိမ်ကြိမ်တောင်းပန်ခဲ့ခြင်းကြောင့်လည်းကောင်း၊ သားသမီး (၃)ဦးကိုလည်း ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းကိုသာ အုပ်ထိန်းခွင့်ပေးအပ်မည်ဖြစ်ကြောင်း (၄-၁၁-၂၀၂၄)ရက်တွင် နှစ်ဦးသဘောတူ ဝန်ခံကတိစာချုပ် ချုပ်ဆိုပေးခဲ့ခြင်းကြောင့်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေမှ ၎င်းဖွင့်လှစ်ခဲ့သော တာမွေမြို့မရဲစခန်း၏အမှုကို ပိတ်သိမ်းပေးခဲ့ပြီးလည်းဖြစ်ပါသည်။

အထက်ပါကိစ္စရပ်များကြောင့် ဒေါက်တာစိုးနိုင်မြင့်မှ လူမှုရေးဖောက်ပြန်ခဲ့သောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သံယောဇဉ်(ခ)Abedah-Bi မှ တရားဝင်အကြင်လင်မယားအဖြစ် ဆက်လက်၍ ပေါင်းသင်းရန် ဆန္ဒမရှိတော့သောကြောင့် အစ္စလာမ့်တရားဥပဒေနှင့်အညီ ကျွန်ုပ်၏အမှုသည်ဘက်မှ သွလာက်ဗာအင်(န်)ခိုလာအ်(၃)ကြိမ် ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် သားသမီး(၃)ဦး၏ အုပ်ထိန်းခွင့်ကိုလည်း ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းကသာ တာဝန်ယူအုပ်ထိန်းဆောင်ရွက်မည်ဖြစ်ကြောင်း (၂၃-၁၁-၂၀၂၄)ရက်စွဲဖြင့် ဒေါက်တာစိုးနိုင်မြင့်ထံ အကြောင်းကြားစာပေးပို့ခဲ့ပါသည်။ ထိုသို့ ပေးပို့ခဲ့သောအခါ ဒေါက်တာစိုးနိုင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရဟုဆိုကာ ဒေါ်နှင်းချယ်ရီ(တရားလွှတ်တော်ရှေ့နေ)မှ ဥပဒေနှင့်အညီ အကြောင်းပြန်ကြားခြင်းမရှိဘဲ ကျွန်ုပ်မိတ်ဆွေနှင့် နှစ်ဖက်မိဘအသိုင်းအဝိုင်းတို့၏ ဂုဏ်သိက္ခာကျဆင်းအောင် ကြေးမုံသတင်းစာတွင် ကြေညာခဲ့ပါသည်။

ထိုသို့ သတင်းစာတွင် ကျွန်ုပ်၏မိတ်ဆွေနှင့် နှစ်ဖက်မိဘအသိုင်းအဝိုင်းတို့၏ ဂုဏ်သိက္ခာကျဆင်းအောင် ထပ်မံ၍ ကြေညာလာပါက တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ထိရောက်ပြင်းထန်စွာ တရားတစ်ထုံးစွဲဆိုသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သံယောဇဉ်မှ ဒေါက်တာစိုးနိုင်မြင့်အပေါ် (၂၆-၁၁-၂၀၂၄)ရက်တွင် 'သွလာက်ဗာအင်'ခိုလာအ်အတည်ပြု ကွာရှင်းခဲ့ပြီး မြွက်ဟကြေညာခြင်းအား မန္တလေးမြို့၊ ၃၅လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြားရှိ စွလာဟီယသွလ်အိုလမာအဖွဲ့ချုပ် မန္တလေးတိုင်းဒေသကြီး၊ ဒုဥက္ကဋ္ဌ မော်လဝီဦးထွန်းရွှေ(ခ) မော်လဝီရဟ်မတွလ္လာ၏ ရှေ့မှောက်တွင် သွလာက်ဗာအင်(န်)ခိုလာအ် အတည်ပြုပေးပြီးပါ၍ ဦးစိုးနိုင်မြင့်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သံယောဇဉ်တို့မှာ တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် သားသမီး(၃)ဦး၏ အုပ်ထိန်းခွင့်ကိုလည်း ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သံယောဇဉ်တစ်ဦးတည်းကသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါက်တာစိုးနိုင်မြင့်(ခ)M-Farhad Amirat နှင့် ၎င်း၏ရှေ့နေ ဒေါ်နှင်းချယ်ရီ(တရားလွှတ်တော်ရှေ့နေ) အပါအဝင် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နန္ဒာမြင့်သိန်း (တရားလွှတ်တော်ရှေ့နေ)**

**ဒေါ်ချောစုမေ၊ ဒေါ်ဆုမွန်မွန်၊ ဦးကျော်ကျော်နိုင်၊ ဒေါ်နှင်းအိအိခိုင်၊ ဒေါ်ရွှေရည်ဝင့်နိုင်၊ ဦးလှမျိုးဦး၊ ဦးပြည့်ဖြိုးအောင်၊ ဒေါ်မြတ်စုစံ (တရားလွှတ်တော်ရှေ့နေများ)**

**"NANDAR & ASSOCIATES" Legal Services Co.,Ltd**

**အိမ်အမှတ်(ဒီ-၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ရုံးဖုန်း ၀၉-၄၅၀၀၄၉၇၀၆၊ ၀၉-၂၀၃၅၈၅၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ရေထွန်း(၁)၊ သံလျှက်မော်တောင်ရပ်ကွက်ရှိ (၁၈ ပေ×ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတစ်လုံး အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အခွင့်အရေး အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မာမာခိုင်(ဘ)ဦးကျော်(၉/ခမစ(နိုင်)၀၀၁၈၄၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှု ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးသက်နိုင်ဦး(LL.B)**

**အထက်တန်းရှေ့နေ**

**စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉- ၄၀၂၅၈၂၈၅၉**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၅)၊ ဦးပိုင်အမှတ်(၇၅)၊ ၅၅(A)လမ်း၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြားရှိ ဦးမြသောင်း အမည်ပေါက် ဂရန်မြေကွက်အား ချမ်းမြသာစည်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်(၉၉/၂၀၂၃)တွင် (၂၂-၈-၂၀၂၃)ရက်က ချမှတ်ခဲ့သော စီရင်ချက် ဒီကရီအရ ဦးမြသောင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃၆၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေး(၈/မမန(နိုင်)၁၄၄၈၃၈)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၂၉၇/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## မြေအရောင်းအဝယ်အား နှစ်ဦးသဘောတူပယ်ဖျက်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

(၂၅-၈-၂၀၂၄)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ -၂၂ တွင် ပါရှိသော မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၄၄)၊ဦးပိုင်အမှတ်(၄၀/၄၁-ခ)၊ ဒေါ်သန်း ပါ-၅ ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်၏ တစ်ဝက်တိတိ တိကျစွာပိုင်းခြားထားသော မြေကွက်၏ အနောက်ဘက်ခြမ်းရှိ အရှေ့အနောက် (၁၄)ပေ၊တောင်မြောက်(၇၅)ပေ အကျယ်အဝန်းရှိ မြေကွက်အား ရောင်းချသူများဘက်က ဆက်လက်ရောင်းချလိုသော ဆန္ဒမရှိတော့ပါသဖြင့် (၂၁-၈-၂၀၂၄)ရက်တွင် ချုပ်ဆိုခဲ့သော စရန်ပေးစာချုပ်ပါ သဘောတူညီချက်များနှင့်အညီ ရောင်းချသူများမှ ဝယ်ယူသူများထံသို့ ရောင်းကြေးစရန်ငွေ၏ နှစ်ဆပေးလျော်၍ အရောင်းအဝယ်အား နှစ်ဦးသဘောတူပယ်ဖျက်ပြီးဖြစ်ပါကြောင်း၊ ရောင်းချသူများနှင့် ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ရောင်းချသူများနှင့် ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဆွေမာမြင့်(LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ဒေါ်နိုင်မီမီစင်(LL.B)**

**(အထက်တန်းရှေ့နေ)**

**Peerless Law Firm ၆၃လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊**

**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၁၉၇၀၈၊ ၀၉-၂၅၉၀၀၀၂၆၆**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၂)၊ ဦးပိုင်အမှတ်(၈၅)၊ အောင်ဆန်းလမ်း၊ ၄၇လမ်းနှင့် ၄၈လမ်းကြားရှိ တပ်ကြပ်ကြီး အောင်မြိုင် အမည်ပေါက် တောဂရန်မြေကွက်အား ချမ်းမြသာစည်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၅၀/၂၀၂၃)တွင်(၂၅-၁၀-၂၀၂၃)ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ တပ်ကြပ်ကြီး အောင်မြိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၅၂၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချယ်ရီဦး(၁၃/ကခန(နိုင်)၀၈၉၉၃၄)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၃၀၄/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၈၉)၊ ဦးပိုင်အမှတ်(၁၁-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၁၃)ဧက အကျယ်အဝန်းရှိ ဦးမောင်မောင်(ပါ-၂) အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် (ရေ+မီး)မီတာအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်နေထိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူများဖြစ်သည့် (၁)ဦးအောင်နိုင်(ဘ)ဦးမောင်မောင်(၉/မနတ(နိုင်)၀၀၃၆၉၂)၊ (၂)ဒေါ်အိအိချော(ဘ)ဦးမောင်မောင်(၉/မနတ(နိုင်)၀၀၃၆၉၄)(၃)ဒေါ်စန်းစန်းထွေး(ဘ)ဦးမောင်မောင်(၉/မနတ(နိုင်)၁၀၁၃၆၃)(၄)ဦးအောင်လင်း(ဘ)ဦးမောင်မောင်(၉/မနတ(နိုင်)၀၀၃၆၉၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးကျော်ဝင်းသန်း (LL.B, D.B.L, D.I.L)** — **တရားလွှတ်တော်ရှေ့နေ**

**ဦးဇော်ထက်အောင် (LL.B)** — **အထက်တန်းရှေ့နေ**

**လမ်း၇၀၊ ၂၉လမ်းနှင့်လမ်း၃၀ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၇၅၃၁၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ်(၇၃၄)တွင် တည်ရှိသော ဦးပိုင်အမှတ်(၆၁-ဃ+၆၀-ခ)အတွင်းမှ တောင်ဘက်ခြမ်း ၇၂လမ်းတင် မျက်နှာစာ (၁၅)ပေခန့်၊ အရှည်(မြေဦးပိုင်အရှိ) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ တစ်ထပ်အိမ် အဆောက်အအုံ၊ (ရေမီတာ)အပါအဝင် မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးခင်မောင်မြင့်(၉/မရမ(နိုင်)၀၀၈၅၇၀)၊ ဒေါ်သင်းသင်းနွယ်(၉/မရမ(နိုင်)၀၀၈၅၇၄)၊ ဒေါ်ထွေးထွေးရီ(၉/မရမ(နိုင်)၀၀၈၅၇၅)၊ ဦးသက်ဆွေ(၉/မရမ(နိုင်)၀၀၈၅၂၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့) (တရားလွှတ်တော်ရှေ့နေ)**

**ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့) (တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃(A)လမ်းကြား၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**

**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**09-2070007 , 09-792070007 , 09-43250000**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေး ဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက် အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှု မှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက် စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန် နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ "အသိတရား" ဖြစ်ပြီး လက်ရှိငြိမ်းချမ်း ရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် "အရှိတရား" လည်း ဖြစ်တယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများလေ့ကျင့်နေမှု ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်ဒုတိယဝန်ကြီးချုပ် နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့မွန်းလွဲ ပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ဝင်ရောက် ယှဉ်ပြိုင်ကြမည့် ကာကွယ်ရေး ဝန်ကြီးဌာနကိုယ်စားပြုအားကစား အသင်းများဇေယျာသီရိအားကစား ကွင်းအတွင်း လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည် ဇေယျာသီရိ အားကစားကွင်း (B)ရှိ အမျိုးသား/အမျိုးသမီး ဘော်လီဘော အသင်းနှင့် ပိုက်ကျော်ခြင်း အသင်းတို့၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေး ရာ အသင်းအုပ်ချုပ်သူနှင့် နည်းပြ များက ပြိုင်ပွဲဝင်အားကစားသမား များ စုဖွဲ့လေ့ကျင့်မှုအခြေအနေ၊ အုပ်ချုပ်ထောက်ပံ့ ဆောင်ရွက် ပေးနိုင်မှုအခြေအနေနှင့် ပြိုင်ပွဲ ယှဉ်ပြိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဇေယျာသီရိ ဘောလုံးအားကစားကွင်းအတွင်း အမျိုးသား ဘောလုံးအသင်းနှင့် ပြေးခုန်ပစ်အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေး ပြီး အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ရင်းရင်း နှီးနှီး နှုတ်ဆက်အားပေးသည်။

ကြည့်ရှု အားပေးစဉ် ပြည်ထောင်စုဝန်ကြီးက ပဉ္စမ အကြိမ် အမျိုးသားအားကစား ပွဲတော်တွင် ဝန်ကြီးဌာန ကိုယ်စားပြု ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် အသင်းအဖွဲ့စိတ်ဓာတ်၊ အားကစား စိတ်ဓာတ်အပြည့်ဖြင့် နိုင်ငံဂုဏ်ကို မြှင့်တင်နိုင်မည့် ဌာနဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား များဖြစ်အောင် အလေးထား ကြိုးစားကြရန်၊ တရားသော ယှဉ်ပြိုင်နည်းဖြင့် ယှဉ်ပြိုင်ကြရန်၊ လေ့ကျင့်မှုများကို ဖွဲ၊ လုံ့လ၊ ဝီရိယ အပြည့်ဖြင့် လေ့ကျင့်ကြရန်၊ ပြိုင်ပွဲကာလ နီးကပ်လာ၍ ကျန်းမာကြံ့ခိုင်မှုပြည့်ဝနေစေရေး ဂရုစိုက်နေထိုင်ကြရန်၊ အားကစား ဖြင့် နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်သွားကြရန် မှာကြား ပြီး အားကစားသမားများကို အင်အားဖြည့် အစားအစာများနှင့် ချီးမြှင့်ငွေပေးအပ်သည်။

**ဝင်ရောက်ယှဉ်ပြိုင်မည်**

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ကာကွယ် ရေးဝန်ကြီးဌာနအနေဖြင့် ဘောလုံး (အမျိုးသား)၊ ဘော်လီဘော(အမျိုး သား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး) နှင့် ဂေါက်သီးရိုက်(အမျိုးသား) အားကစားနည်း ခြောက်မျိုးကို အားကစားသမား ၁၃၃ ဦးဖြင့် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ် ကြောင်း သိရသည်။

သတင်းစဉ်

## MNL(U-20)Youth League 2024 အမှတ်ပေးဘောလုံးပြိုင်ပွဲ ချန်ပီယံဆုအား ရှမ်းယူနိုက်တက်အသင်း ဆွတ်ခူး

**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် MNL (U-20) Youth League 2024 အမှတ်ပေးဘောလုံးပြိုင်ပွဲ ချန်ပီယံဆုကို ရှမ်းယူနိုက်တက် အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

MNL (U-20) Youth League 2024 ရာသီပိတ် နောက်ဆုံးပွဲစဉ်တစ်ပွဲအဖြစ် ယနေ့ညနေက သုဝဏ္ဏကွင်း၌ Junior Lions အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ကြပြီး Junior Lions အသင်းက ၂ဂိုး၊ ဂိုးမရှိဖြင့် အနိုင် ရရှိခဲ့သည်။

Junior Lions အသင်း သည် ယနေ့နိုင်ပွဲကြောင့် ရမှတ် ၅၁ မှတ်ဖြင့် ဒုတိယရခဲ့ပြီး ISPE အသင်းသည် ရမှတ် ၄၆ မှတ်ဖြင့် တတိယရခဲ့သည်။ ရှမ်း ယူနိုက်တက်အသင်းသည် ယနေ့ ပွဲမတိုင်မီ နှစ်ပွဲအလို၌ပင် ရမှတ် ၅၂ မှတ်ဖြင့် ချန်ပီယံဖြစ်ထား သည့် အသင်းဖြစ်သည်။

Junior Lions အသင်း နှင့် ရှမ်းယူနိုက်တက်အသင်းတို့ ပွဲစဉ်အပြီးတွင် ချန်ပီယံဆုပေးပွဲ အခမ်းအနားကို ဆက်လက် ကျင်းပခဲ့သည်။

ရှေးဦးစွာ MNL (U-20) Youth League 2024 အမှတ် ပေးဘောလုံးပြိုင်ပွဲတွင် ဂိုးသွင်း အများဆုံးဆုကို ရန်ကုန်ယူနိုက် တက်အသင်း တိုက်စစ်မှူး စိုင်း ဇေယျာကျော် သွင်းဂိုး ၁၅ ဂိုး ဖြင့် ရရှိခဲ့ပြီး စိုင်းဇေယျာကျော် အတွက် ဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ် သုံးသိန်းကို ချီးမြှင့်ပေးခဲ့ သည်။

ထို့နောက် ပြိုင်ပွဲတွင် တတိယဆုရခဲ့သည့် ISPE အသင်းသည် တစ်ဦးချင်း ကြေး တံဆိပ်ဆုများနှင့်အတူ ဆုငွေ ကျပ် သိန်း ၁၀၀ ရရှိခဲ့သည်။ ပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည့် Junior Lions အသင်းသည် တစ်ဦးချင်း ငွေတံဆိပ်နှင့်အတူ ဆုငွေကျပ် သိန်း ၁၂၀ ရရှိခဲ့ သည်။ ဆက်လက်၍ ပြိုင်ပွဲတွင် ပထမရခဲ့သည့် ရှမ်းယူနိုက် တက်အသင်းသည် တစ်ဦးချင်း ရွှေတံဆိပ် ဆုတံဆိပ်နှင့်အတူ ဆုငွေကျပ် သိန်း ၁၅၀ ရရှိခဲ့ သည်။

(NGB)

